# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ တနင်္လာနေ့၊ (26-2-2007) (၅၂၄၅)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှွမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်၌ ကြိုဆိုနှုတ်ဆက်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှွမ်အား နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှွမ် (Mr. Tang Jiaxuan) ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။**

### ကြိုဆို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှွမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု တို့က နေပြည်တော်လေဆိပ်မှ ကြိုဆိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှွမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကျန်းရှင်းဖန်း၊ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာလျို့ပင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ ချန်ကျန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလာကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှွမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် နေပြည်တော် ဟိုတယ်ဇုန်သို့ ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ထူးခြားသည့် ညအပူချိန်များ

၂၅-၂-၂၀၀၇

| | |
|---|---|
| **ဟားခါး** | ၃ ဒီဂရီစင်တီဂရိတ် |
| **မန္တလေး** | ၁၄ ဒီဂရီစင်တီဂရိတ် |
| **ရန်ကုန်** | ၂၃ ဒီဂရီစင်တီဂရိတ် |

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၆–၂–၂၀၀၇
(တနင်္လာနေ့)

# နိုင်ငံအကျိုးပြု ရေအားလျှပ်စစ်စီမံကိန်းများ သတ်မှတ်ကာလထက် စောပြီးစီးရေး ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖေဖော်ဝါရီလ ၂၄ရက်နေ့က ပျဉ်းမနားမြို့အရှေ့ဘက်ရှိ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် နန်ချိုရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်းရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင်–

**"ဤရေအားလျှပ်စစ်စီမံကိန်းများသည် နေပြည်တော် ပတ်ဝန်းကျင်ဒေသများအတွက်ရော နိုင်ငံတော်တစ်ရပ်လုံးအတွက်ပါ မျှော်မှန်း၍ တည်ဆောက်နေခြင်းဖြစ်ရာ ယင်းစီမံကိန်များ၏ အကျိုးကျေးဇူးများကို ပြည်သူများအနေဖြင့် မြန်မြန်ခံစားနိုင်အောင်၊ လုပ်ငန်းများမြန်မြန်ပြီးစီးအောင် ကြိုးစားကြစေလိုကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်သည့် တမံ၏ ရေဝေရေလဲဒေသများ၌ သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားနိုင်မှသာလျှင် တမံအတွင်း ရေဝင်ကောင်းမှာဖြစ်ရာ သစ်ပင်ခုတ်လှဲခြင်း၊ တောမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကွက်များဖော်ခြင်းတို့ကို လုံးဝမပြုလုပ်ကြရန်လိုကြောင်း"** မှာကြားခဲ့သည်။

နိုင်ငံတော်က လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းများအနက် စစ်တောင်းမြစ်ဝှမ်းရေအားလျှပ်စစ် စီမံကိန်းများတွင် ကွန်း၊ ရဲနွယ်၊ ခပေါင်း၊ ဖြူး၊ ရွှေကျင်၊ ဘောဂတ၊ သောက်ရေခပ်၊ ပေါင်းလောင်း၊ အထက်ပေါင်းလောင်းနှင့်နန်ချိုစီမံကိန်းတို့ပါဝင်သည်။ စီမံကိန်းအားလုံး ပြီးစီးသွားပါက လျှပ်စစ်ဓါတ်အား မဂ္ဂါဝပ် ၉၉၀ ရရှိမည်ဖြစ်ပြီး ယခုအခါ ရဲနွယ်နှင့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းတို့မှာ ပြီးစီးသွားပြီဖြစ်သည်။

ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းပြီးစီးသွားပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ထုတ်ယူရရှိမည်ဖြစ်ပြီး နန်ချိုရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်၄၀ ထုတ်ယူရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ရေအားလျှပ်စစ်စီမံကိန်းများအပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းများကို နိုင်ငံတော်ကအလေးထား ဖော်ဆောင်ပေးလျက်ရှိရာ တာဝန်ရှိသူများက တီထွင်ကြံဆ အားထုတ်ကြိုးပမ်းကြခြင်းဖြင့် စီမံကိန်းများအချိန်စောပြီးစီးကာ ပြည်သူများ အကျိုးကျေးဇူး မြန်မြန်ခံစားနိုင်ကြမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။






ဒသမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၇) ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဒသမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၇) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဒသမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ်နှင့် ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်း အသီးသီးမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာန အသီးသီးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးပညာရှင်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများမှ အတွင်းရေးမှူးများနှင့် ကိုယ်စားလှယ်များ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေသန့်ရှင်းရေး၊ ယင်လုံအိမ်သာသုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေးနှင့် အစားအစာသန့်ရှင်းရေးတို့အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ (၁၀)နှစ်တာခရီး ကြိုးပမ်းအောင်မြင်မှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော တန်ဖိုးနည်း ရေအိမ်ပုံစံအမျိုးမျိုးနှင့် ရေအရင်းအမြစ်ကာကွယ်မှု ပုံစံအမျိုးမျိုးကိုလည်းကောင်း၊ Save the Children, UNICEF နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့၏ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)



**ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ဆေးရုံနှင့် ကျန်းမာရေးသတင်းအချက်အလက် ထူးချွန်ဆုအဖြစ် ချီးမြှင့်ပေးအပ်သည့် ကွန်ပျူတာကို ဆေးရုံစီမံခန့်ခွဲမှု ကော်မတီသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် သက်ဆိုင်ရာဝန်ထမ်းများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စမ်းစမ်းလှိုင် ဆေးရုံစီမံခန့်ခွဲရေးကော်မတီသို့ ကွန်ပျူတာ လွှဲပြောင်းပေးအပ်စဉ်။**

(၂၃)

## ၂၀၀၇ ခုနှစ် ဇန်နဝါရီလ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှု

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၂၉ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၁ မှု အလေးချိန် ၁၆၄ ဒသမ ၅၇၃၂ ကီလို၊ ဘိန်းဖြူ ၇၉ မှု အလေးချိန် ၃၀ ဒသမ ၉၄၀၅ ကီလို၊ ဘိန်းညို တစ်မှု အလေးချိန် ၃ ဒသမ ၂၉၉ ကီလို၊ ဘိန်းဆီ၁၅ မှုအလေးချိန် ၅ ဒသမ ၅၈ ကီလို၊ အဆင့်နိမ့် ဘိန်း ၁၁ မှုအလေးချိန် ၁ ဒသမ ၃၀၀၂ ကီလို၊ ဆေးခြောက် ၁၇ မှု အလေးချိန် ၁၅ ဒသမ ၁၇၇၁ကီလို၊ စိတ်ကြွရူးသွပ် ဆေးပြား ၃၄ မှု ၁၁၇၃၄၅ ပြား၊ ဘိန်းစာမှုန့် ခုနစ်မှု အလေးချိန် ဒသမ ၅၆၁ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ပမာဏ ဒသမ ၀၃ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်)တစ်မှုအလေးချိန် ဒသမ ၉ ကီလို၊ ကဖင်း တစ်မှု အလေးချိန် ဒသမ ၂၅ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ပမာဏ ၅၄ ဒသမ ၄၈လစ်တာ၊ ဓာတုဆေးရည် နှစ်မှု ပမာဏ ၂၁၇၆ ဒသမ ၆၇၆ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၃၅ ဒသမ ၃၀၃ ကီလို၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှု ၁၉ မှုတို့ဖြစ်၍ တရားခံ ကျား၂၇၇ ဦး၊ မ ၅၄ဦး စုစုပေါင်း တရားခံ ၃၃၁ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဆုချီးမြှင့်

**တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ဝေလမင်းအား ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်း ဆုချီးမြှင့်စဉ်။**

(၆၄)




## ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၁၉)ထွက်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ် (၁၉)ကို ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် ချစ်နိုင်(စိတ်ပညာ)၊ဒေါက်တာခင်မောင်ညို၊ ဒေါက်တာသက်လွင်၊ ခင်ပန်နှင်း၊ မော်ကျွန်းစိုးမြင့်တို့၏ ဆောင်းပါးများအပြင် ဧရာဝတီတိုင်း ပုသိမ်မြို့မှ အိန္ဒိယနယ်စပ် ကလေးမြို့အထိ ခရီးပေါက်မည့် မဟာဗျူဟာအရ အရေးပါသည့် ရထားလမ်း၊ မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်းကို ဒေသခံများက ဝမ်းသာကြိုဆို၊ လမ်းနှင့် တံတား တည်ဆောက်ခဲ့သမျှ ဂုဏ်ယူအားတက်စရာ ရထားလမ်းဆက်ကြောင်းသစ်ကြီးများ၊ ပြည်တွင်းပြည်ပလေကြောင်းခရီးစဉ်များတိုးချဲ့၊ တန်ချိန်၄၀၀၀တင် သင်္ဘောများဆိုက်ကပ်နိုင်သည့် စစ်တွေဖောင်တော်ကြီးဆိပ်ခံတံတား၊တနင်္သာရီတိုင်းနှင့်ရခိုင်ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရောင်းချရေး အလားအလာ တိုးတက်ကောင်းမွန်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအရှိန်အဟုန်မြှင့်၊ တိုက်ကြီး၊ ဥက္ကံ၊ ပကွန်နှင့်အဖျောက်နေရာများတွင် တွင်းသစ်များရှာဖွေလျက်ရှိ ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်း တရုတ်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်၊ အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် အစီအစဉ်ကို အမေရိကန်အထက်လွှတ်တော်ကပယ်ချ၊ တရုတ်–ဂျပန် နှစ်နိုင်ငံဆိပ်ကမ်းများအား အပြန်အလှန်ဆိုက်ကပ်ခွင့်ပြုရေး၊ အိန္ဒိယနှင့်ရုရှားတို့တိုက်လေယာဉ်များပူးပေါင်းထုတ်လုပ်မည့် စီမံကိန်း၊ မြောက်ကိုရီယား နျူကလီးယားဆွေးနွေးပွဲ၊တရုတ်ပြည်တွင် စီးပွားရေးတိုးတက်မှု စံချိန်သစ်စသည့် ပြည်တွင်းပြည်ပ သတင်းများ၊ ဓာတ်ပုံများအားဝေဝေ ဆာဆာ ဖော်ပြထားရှိပါကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ (၄၆)လမ်းမောင်မှူ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်သည်။ စာမူများပေးပို့လိုပါလျှင် စာတည်းမှူးချုပ်၊ ရွှေနိုင်ငံဂျာနယ်၊ အမှတ်(၂၂၈)၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ်အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၂-၂၀၀၇ (တနင်္လာနေ့)**

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည် တရားတော် (အပိုင်း-၂) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့) ဆရာတော်]
- ၈း၁၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချို ရေခဲမုန့်ပြုလုပ်နည်း)
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ကာတွန်းပွဲတော်)
- ၈း၅၅ တေးဂီတအစီအစဉ်
- ၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၀ နှင်းဆီပင်စိုက်ကြရအောင်
- ၉း၂၅ တေးဂီတအစီအစဉ်
- ၉း၃၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၉း၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၅၀ ဘုရားဖူးကာလေ့လာ ကုသိုလ်တော်ယူမှာ
- ၁၀း၁၀ တေးဂီတအစီအစဉ်
- ၁၀း၁၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားသောရောဂါများနှင့် လုပ်ငန်းခွင်ကျန်းမာရေး ပြဿနာများ)
- ၁၀း၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၅၀ ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့
- ၁၁း၁၀ တေးဂီတအစီအစဉ်
- ၁၁း၁၅ အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (Super Power Engine Oil)
- ၁၁း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၃၅ မပြောမပြီးမတီးမမြည် (နေရဲလင်း၊ မိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်းသိမ့်ချယ်၊နိုင်ဆုသွယ်) (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ ယှဉ်ပြိုင်ဆင်နွှဲ မြန်မာ့သိုင်းပြိုင်ပွဲ
- ၁၂း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၂၅ ကွန်ရက်ပမာ ယှက်သွယ်ဖြာ
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀ အလှတရား၏လျှို့ဝှက်ချက်
- ၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၃)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးတွင် အလှူရှင်များ၏ လှူဒါန်းငွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း လက်ခံယူစဉ်။ (ကုန်သည်/စက်မှု)

## မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပ်မတ်ကြသည်။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲ ခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)





### အမှာစကားပြောကြား

**ဖေဖော်ဝါရီ ၂၂ ရက်က အခြေခံ တိုင်းရင်းဆေးပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို လယ်ဝေးမြို့နယ် မြို့ဦးဓမ္မာရုံ၌ ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော် အမှာစကားပြောကြားစဉ်။**

(တိုင်းရင်းဆေး)

### ကြေးမုံ The Mirror — *အင်တာနက် ယဉ်ကျေးမှုသတင်း*

## စင်ကာပူတွင် "ချင်ဂေး"ပွဲတော် ကျင်းပ နိုင်ငံတကာ အကပဒေသာများ တင်ဆက်

**စင်ကာပူ ဖေဖော်ဝါရီ ၂၅**

စင်ကာပူနိုင်ငံတွင် စနေနေ့က "ချင်ဂေး"ပွဲတော်ကို ကျင်းပသည်။ ချင်ဂေးပွဲတော်တွင် ကချေသည်များက လမ်းများပေါ်၌ ရိုးရာအကများဖြင့် တင်ဆက်ခြင်း၊ အလှပြယာဉ်များက စီတန်းလှည့်လည်ပြသခြင်းတို့ ပြုလုပ်ကြသည်။ အာရှတွင် ကျင်းပသည့် ပွဲတော်များအနက် အလှပြယာဉ်အများဆုံး ပါဝင်သည့် ပွဲတော်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

**တိုက်ရိုက်တင်ပေး**

လမ်းပေါ်ကျင်းပသည့် ကပွဲ၊ ခုန်ပွဲများကို ရှုစားရန် ပြည်သူ နှစ်သိန်းကျော်က အောခစ်လမ်းမကြီးပေါ်တွင် စုဝေးခဲ့ကြသည်။ ချင်ဂေးပွဲတော်ကျင်းပသည်ကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးပြီး ပင်လယ်ရပ်ခြားနိုင်ငံများရောက် စင်ကာပူနိုင်ငံသားများအတွက် အင်တာနက်မှ ကြည့်ရှုနိုင်ရန် အွန်လိုင်းပေါ်သို့ တိုက်ရိုက်တင်ပေးသည်။

ချင်ဂေးပွဲတော်ကို သမ္မတ အက်စ်အာရ်နာသန်က ဖွင့်လှစ်ပေးခဲ့သည်။ သမ္မတနာသန်သည် အလှပြယာဉ်တစ်စီးပေါ်မှနေ၍ ပွဲတော်ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။

ရောင်စုံခြယ်သထားသော အလှပြယာဉ် ၁၇ စီး ပါဝင်ပြီး စင်ကာပူနိုင်ငံတွင်းမှ အနုပညာရှင်များသာမက ပြည်ပနိုင်ငံများမှ အနုပညာရှင်များ ပါဝင်ဆင်နွှဲကြသည်။

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား အနုပညာရှင်များက ရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အနုပညာရှင်များက အေရိုးဘစ်အကများဖြင့် စွမ်းရည်ပြသကြသည်။ ၎င်းအပြင် စပိန်၊ အိုင်ယာလန်၊ တောင်အာဖရိကနှင့် အင်ဂိုလာနိုင်ငံတို့မှ ရိုးရာအကများကိုလည်း တင်ဆက်ကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ထူထောင်မှု နှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံအလှပြယာဉ်တစ်စီးကိုလည်း တွေ့ရသည်။

***အင်တာနက်***



ဖေဖော်ဝါရီ ၂၄ ရက်က စင်ကာပူတွင် ကျင်းပသော ချင်ဂေးပွဲတော်၌ ကချေသည်များ ဖျော်ဖြေတင်ဆက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ယူကရိန်းနိုင်ငံ မြို့တော် ကီယက်ဗ်တွင် ဂျပန်ရိုးရာ မုန့်လုပ်ပြိုင်ပွဲ ပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# အီရန်နှင့်ထိပ်တိုက်တွေ့လိုသည့်ဆန္ဒမရှိဟု ကွန်ဒိုလီဇာရိုက်စ်ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံနှင့် ပဋိပက္ခဖြစ်လိုသည့်ဆန္ဒမရှိကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က စီအင်အင်သတင်းဌာနနှင့် ကြာသပတေးနေ့တွင် တွေ့ဆုံမေးမြန်းရာ၌ ပြောကြားသည်။

မိမိတို့ ဆက်လက်ဆောင်ရွက်ရန်အတွက် ရွေးချယ်ထားသည့်လုပ်ငန်းကို အီရန်မှ တာဝန်ရှိသူများအနေဖြင့် ယုံကြည်နိုင်ရန် ကြိုးပမ်းမည်ဟု ၎င်းက ပြောကြားသည်။

အီရန်က ယူရေနီယံသန့်စင်မှု အစီအစဉ်ကို ရပ်ဆိုင်းလိုက်မည်ဆိုလျှင် အမေရိကန်က အီရန်နှင့် တွေ့ဆုံဆွေးနွေးရန် စိတ်အားထက်သန်နေသည်ဟု အမေရိကန် ထိပ်တန်းသံတမန်တစ်ဦးကအခိုင်အမာပြောကြားသည်။

အီရန်အနေဖြင့် ယူရေနီယံ သန့်စင်မှုလုပ်ငန်း ရပ်ဆိုင်းရန်သတ်မှတ်ပေးထားသည့် ကာလသတ်မှတ်ချက်ကို ဖီဆန်ပြီးယင်းလုပ်ငန်းကိုဆက်လက်ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ပြီးနောက် ရိုက်စ်က ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားခြင်းဖြစ်သည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# မဲခေါင်ဒေသ သယ်ပို့လုပ်ငန်းများ တိုးတက်လာစေရန် ဆောင်ရွက်မည်

**ဟန္နွိုင်း ဖေဖော်ဝါရီ ၂၄**

ဗီယက်နမ်အာဏာပိုင်များက မဲခေါင်မြစ်ဝကျွန်းပေါ်တောင်ပိုင်းဒေသများ၌ ဆက်သွယ်ရေးလမ်းကြောင်းများအဆင့်မြှင့်တင်ဆောင်ရွက်ရေးနှင့် ရေကြောင်းလမ်းများ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန် သဘောတူလိုက်ပြီဖြစ်သည်။

ထိုစီမံကိန်းများကို ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ကျမှုစရိတ်သည် အမေရိကန်ဒေါ်လာ ၃၁၂ သန်း ရှိမည်ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနကဆောင်ရွက်မည့် အဆိုပါစီမံကိန်းသည် မြို့ကြီး ၁၃ မြို့ အကျုံးဝင်မည် ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးကွန်ရက်များ အဆင့်မြင့်အောင်လုပ်ဆောင်ခြင်း၊ ကုန်းလမ်းနှင့် ရေကြောင်းလမ်းများတွင် အသွားအလာပိတ်ဆို့မှုများကို ရှင်းလင်းခြင်းနှင့် စရိတ်စကနည်းနည်းဖြင့် သယ်ပို့သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်၍ စီမံကိန်းဒေသများတွင် လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်သည် ဟု ဖေဖော်ဝါရီ ၂၂ ရက်ထုတ် ဆိုင်ဂုံလစ်ဘရေးရှင်းသတင်းစာက ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

# ဘဂ္ဂဒက်မြို့တွင် ကန်တပ်ဖွဲ့ ဗုံးခွဲတိုက်ခိုက်ခံရ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၄**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့အနီး ဗုဒ္ဓဟူးနေ့က ဗုံးတစ်လုံးပေါက်ကွဲသွားပြီး ပတ်ဝန်းကျင်ဒေသများသို့ စိန်ပြောင်းကျည်များကျရောက် ပေါက်ကွဲရာ လူသုံးဦး သေဆုံးသွားပြီး ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းရပ်ကွက်က ဖော်ပြသည်။

အမေရိကန် လှည့်ကင်းအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားသော နေရာသည် ဘဂ္ဂဒက်မြို့မြောက်ပိုင်း အမ္မရီယာ အရပ်အနီးတွင် ဖြစ်သည်ဟု အမည်မဖော်လိုသူ သတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရမှုနှင့် သေဆုံးမှုများဖြစ်ပေါ်သည်ဟု ထင်ရသော်လည်း ကန်တပ်ဖွဲ့များက အခင်းဖြစ်ပွားသောနေရာကို ပိတ်ဆို့ထားလိုက်သည်။ အထိအခိုက်အကျအဆုံး အရေအတွက်ကို မသိရဟု ဆိုသည်။ အမေရိကန် စစ်ဘက်က ဖော်ပြပါ သတင်းကို အတည်ပြုခြင်း မရှိသေးပေ။

ဘဂ္ဂဒက်မြို့ ဘာဘာရီးယားအရပ်၌လည်း စိန်ပြောင်းကျည်များကျရောက် ပေါက်ကွဲရာ သုံးဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားသည်ဟု သတင်းက ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

# ထိုင်းနိုင်ငံတောင်ပိုင်း၌ ဖြစ်ပွားသော ပြဿနာ အလေးထားဖြေရှင်းရမည်ဟု ဝန်ကြီးချုပ်ပြောကြား

**ဗန်ကောက် ဖေဖော်ဝါရီ ၂၄**

ထိုင်းနိုင်ငံတောင်ပိုင်း၌ တိုးမြင့်ဖြစ်ပွားနေသည့် ခွဲထွက်ရေးသမားများ၏ ဆူပူသောင်းကျန်းမှုများသည် ထိုင်းအစိုးရအတွက် အလေးထားဖြေရှင်းရမည့် နံပါတ်တစ် ဦးစားပေးပြဿနာပင်ဖြစ်သည်ဟု ဝန်ကြီးချုပ် ဆူရာယွဒ်ချူလာနွန်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သောလေးလအချိန်အတွင်း ထိုင်းတောင်ပိုင်း၌ ဖြစ်ပွားနေသည့် ပြဿနာများကိုထူးထူးခြားခြားတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသည့်အတွက် ယခုအခါ ထိုကိစ္စသည် အဆောတလျင်ဖြေရှင်းရမည့် ဦးစားပေးပြဿနာအဆင့် ရောက်နေပြီဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုဒေသ၌ မြန်နိုင်သမျှ မြန်မြန် ငြိမ်းချမ်းရေး ပြန်လည်ရရှိစေရေးအတွက် မိမိတို့ အားထုတ်သွားရန် လိုအပ်သည်။ အမြန်ဆုံး ဆောင်ရွက်သွားရန် လိုအပ်နေပြီဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

နိုင်ငံတောင်ပိုင်း ယာလာ၊ နာရာသီဝပ်၊ပတ္တာနီနှင့် စွန်ကလပြည်နယ်လေးခု၌ တရုတ်နှစ်သစ်ကူးကာလတွင် ဗုံးများ အစီအရီပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ဗန်ကောက်မြို့တော်၏ လုံခြုံရေးကိုလည်း ရဲနှင့် စစ်ဘက်ဆိုင်ရာများက အထူးတင်းကျပ်ထားသည်။

လောလောဆယ်အချိန်တွင် သေနတ်ပစ်မှု၊ ဗုံးခွဲမှုနှင့်မီးရှို့တိုက်ခိုက်မှုများသည် တောင်ပိုင်းပြည်နယ်များ၌သာ ကွက်၍ ဖြစ်ပွားနေသော်လည်း ထိုကိစ္စ ဗန်ကောက်ဆီသို့ကူးလာမည်ကိုအာဏာပိုင်များက စိုးရိမ်နေကြသည်။ ဤအတောအတွင်း တရုတ်နှစ်သစ်ကူးအကြိုနေ့က ဗန်ကောက်တွင် ဗုံးတစ်လုံး ကွဲခဲ့သေးရာ မည်သူ၏ လက်ချက်ဖြစ်သည်ကို ရှင်းလင်းစွာ မသိရသေးဘဲရှိသည်ဟု ဆိုသည်။

**အမ်အင်အေ၊ ရိုက်တာ။**




# ဂျပန်လူဆိုးဂိုဏ်းဌာနချုပ် ရဲတပ်ဖွဲ့ဝင်ရောက်စီးနင်း

**တိုကျို ဖေဖော်ဝါရီ ၂၄**

ဂျပန်နိုင်ငံတွင် ယှဉ်ပြိုင်ဘက် လူဆိုးတစ်ဦးကိုသေနတ်ဖြင့်ပစ်သတ်မှုဖြစ်ပွားပြီးနောက် ဂိုဏ်းတစ်ဂိုဏ်း၏ဌာနချုပ်ကို ဂျပန်ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ကြောင်း၊ ယင်းအဖြစ်အပျက်ကြောင့်နိုင်ငံအတွင်းရှိ ယာကူဇာဂိုဏ်းနှစ်ခုကြားတွင် ပဋိပက္ခကြီးထွားလာမည်ကို စိုးရိမ်ရကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ ယာကူဇာဂိုဏ်းဖြစ်သော ဆူမိယိုရှိဂိုဏ်းမှ အထက်တန်းအဖွဲ့ဝင်တစ်ဦး ပြီးခဲ့သော ရက်သတ္တပတ် နှစ်ပတ်က တိုကျိုမြို့လယ်တွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။ ယင်းအမှုနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ၏ အကြီးဆုံး ယာကူဇာဂိုဏ်းဖြစ်သော ယာမာဂူချီ–ဂူမိဂိုဏ်းမှ အဖွဲ့ဝင်နှစ်ဦး ထိန်းသိမ်းခံရသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်း၌ ခြေကုပ်ယူထားသောယာမာဂူချီ–ဂူမိဂိုဏ်းသည် တိုကျိုမြို့ရှိ ဆူမိယိုရှိဂိုဏ်း၏ နယ်မြေကို စိုးမိုးနိုင်ရန် ကြိုးပမ်းနေကြောင်း၊ ယင်းကြောင့် ဒုစရိုက်ဂိုဏ်း အချင်းချင်း ပဋိပက္ခဖြစ်ပွားလာနိုင်ကြောင်း အချို့က သုံးသပ်ကြသည်။

**အမ်အင်အေ၊ ရိုက်တာ။**



အိန္ဒိယနိုင်ငံ ချန်ဒီဂတ်မြို့၌ ကျေးလက် ရိုးရာပွဲတော် ဆင်နွှဲနေသည်ကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# လစ်ဗျားနိုင်ငံတွင်း တရားမဝင်ဝင်ရောက်လာသူများ ဌာနေအရပ်သို့ ပြန်ပို့လျက်ရှိ

**ထရီပိုလီ ဖေဖော်ဝါရီ ၂၄**

လစ်ဗျားနိုင်ငံသည် ယခုလအစောပိုင်းတွင် မြောက်အာဖရိကမှနိုင်ငံတွင်းသို့ တရားမဝင်ပြောင်းရွှေ့လာသူ ၁၀၉၂ ဦးကို ထိန်းသိမ်းထားလိုက်ရကြောင်း နိုင်ငံပိုင်သတင်းဌာနအီအာနာကဖေဖော်ဝါရီ ၂၂ ရက်တွင် ဖော်ပြသည်။

ယင်းတရားမဝင်ဝင်ရောက်လာသူများသည် လစ်ဗျားနိုင်ငံမှတစ်ဆင့် ဥရောပဒေသဆီသို့ အလုပ်အကိုင် ရှာဖွေရန် သွားမည့်သူများဖြစ်ကြောင်းသိရသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း လစ်ဗျားနိုင်ငံအတွင်းသို့ ခိုး၍ဝင်လာသူများအနက် ၈၁၆ ဦးကို သက်ဆိုင်ရာလာရင်းဒေသများသို့လစ်ဗျားလုံခြုံရေးတပ်ဖွဲ့များက ပြန်ပို့ခဲ့သည်။

ယခုနှစ်အတွင်း လစ်ဗျားနိုင်ငံတွင်းသို့ ခိုးဝင်လာသူများကို သက်ဆိုင်ရာများကလာရင်းဒေသသို့ ပြန်ပို့ခဲ့သည့် အရေအတွက်သည် စုစုပေါင်း ၃၇၄၇ ဦးရှိပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာန၏ မှတ်တမ်းများက ဖော်ပြသည်။

လစ်ဗျားနိုင်ငံသည် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၉၀ ပြည့်နှစ်များအတွင်းက အာဖရိကဒေသမှ အလုပ်သမားအများ အပြားကိုလက်ခံသောမူဝါဒကို ကျင့်သုံးခဲ့သော်လည်း ယခုအခါ ထိုမူဝါဒကို ပြောင်းလဲလိုက်ပြီဖြစ်သည်။

**အမ်အင်အေ၊ ရိုက်တာ။**

# ဩစတြေးလျတွင်လေယာဉ်ငယ်ပျက်ကျ၊ လူနှစ်ဦးသေဆုံး

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၄**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း ဗစ်တိုးရီးယားပြည်နယ်တွင် လေယာဉ်ငယ်တစ်စင်း ဖေဖော်ဝါရီ ၂၃ရက်က ပျက်ကျရာလူ နှစ်ဦး အသက်ဆုံးရှုံးသွားသည်။

လေယာဉ်သည်မြေပြင်ပေါ်သို့ ကျလာပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် လူနှစ်ဦးသေဆုံးခဲ့ရသည်ဟူသော အချက်ကို ဒေသဆိုင်ရာ မီးသတ်ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားသည်။

သို့သော်လေယာဉ်အဘယ်ကြောင့် ပျက်ကျရသည်ဆိုသော အကြောင်းရင်းကိုတစ်စုံတစ်ရာမသိရဟုဆိုသည်။ ယင်းမတော်တဆမှု အဘယ်ကြောင့် ဖြစ်ပွားရသည်ဆိုသည်ကို သိရှိနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

အင်ဒိုနီးရှားနိုင်ငံ မီဒန်မြို့ရှိ ဆီအုန်းစိုက်ပျိုးရေးခြံ တစ်ခြံကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)





အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဟောလိဝုဒ်၌ (၇၉) ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် ပြင်ဆင်နေသည်ကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး မျိုးဗီဇပြောင်းလဲလာ တရားမဝင်ကြက်ငှက်ရောင်းဝယ်မှုကြောင့် ရောဂါဖြစ်ပွားနိုင်

ရောမ ဖေဖော်ဝါရီ ၂၄

**ယခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးသည် မျိုးဗီဇပြောင်းလဲလာခြင်းကြောင့် ယင်းဗိုင်းရပ်စ်ပိုးနှင့်ပတ်သက်၍ မိမိတို့ နားလည်ရန်ခက်ခဲလာကြောင်း ကုလသမဂ္ဂအထက်တန်းတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။**

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အများစုမှာ ကြက်ငှက်များ တရားမဝင်ရောင်းဝယ်ခြင်းတို့ကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယုံကြည်လျက်ရှိကြသည်။

နိုင်ဂျီးရီးယားနှင့် အီဂျစ်နိုင်ငံတို့တွင်လည်းကောင်း၊ အင်္ဂလန်ရှိ ကြက်ဆင် မွေးမြူရေးခြံတစ်ခြံတွင်လည်းကောင်း မကြာသေးမီက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည်။

**ယူဆ**

ယမန်နှစ် ဆောင်းရာသီတွင် ဥရောပနှင့် အာဖရိကသို့ ပြန့်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ရွှေ့ပြောင်းကျက်စားလေ့ရှိသည့် တောရိုင်းကြက်ငှက်များကြောင့် ဖြစ်ရသည်ဟု ယူဆခဲ့ကြသည်။ ဩစတြီးယား၊ ပြင်သစ်နှင့် အီတလီနိုင်ငံတို့ အပါအဝင် နိုင်ငံအများအပြားတွင် ငန်းသေများနှင့် ဘဲသေများကို တွေ့ရှိခဲ့ရသည်။

***အင်တာနက်။***

# ပတ္တရာကမ်းခြေတွင် ရုရှားအမျိုးသမီးနှစ်ဦး ပစ်သတ်ခံရ

**ဗန်ကောက် ဖေဖော်ဝါရီ ၂၅**

ထိုင်းနိုင်ငံ အရှေ့ဘက်ပိုင်း ပင်လယ်ကမ်းခြေ အပန်းဖြေစခန်း တည်ရှိရာ ပတ္တရာမြို့တွင် ရုရှားလူမျိုး ကမ္ဘာလှည့်ခရီးသည် အမျိုးသမီးနှစ်ဦး သေနတ်ပစ်ခံရပြီး သေဆုံးနေသည်ကို တွေ့ရကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ဗန်ကောက်မြို့မှ မိုင် ၉၀အကွာရှိ ပတ္တရာမြို့၏ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် အသွားအလာများသော ဂျွန်တီယန်ကမ်းခြေတွင် အသက် ၂၅ နှစ်နှင့် ၃၀အရွယ်ရှိအမျိုးသမီးနှစ်ဦး၏ အလောင်းများကို နံနက် ၅နာရီခန့်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

မည်သည့်အတွက်ကြောင့် ၎င်းတို့ အသတ်ခံရသည်ကို မိမိတို့ မသိရှိသေးကြောင်း၊ ၎င်းတို့၏လက်ကိုင်ဖုန်းများနှင့် ပိုက်ဆံအိတ်များကို သေနတ်သမားများ ယူဆောင်သွားခြင်းမရှိကြောင်း ပတ္တရာမြို့ရဲတပ်ဖွဲ့မှ ရဲမှူး ဆရတ်သာမက်လွန်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အင်္ဂလန်အနောက်မြောက်ပိုင်းတွင် အမြန်ရထားတိမ်းမှောက်

**ကမ်ဘာရီယာ (အင်္ဂလန်) ဖေဖော်ဝါရီ ၂၅**

အင်္ဂလန် အနောက်မြောက်ပိုင်းတွင် စနေနေ့က ခရီးသည်တင် အမြန်ရထားတစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့ရခြင်းသည် မီးရထားလမ်းကြောင်းတစ်ခုမှ တစ်ခုသို့ ပြောင်းပေးသော သံလမ်းသော့ချက် (ပွိုင့်)များ၏ ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း ဗြိတိသျှရဲတပ်ဖွဲ့က ပြောကြားသည်။

ရထားတွဲ ကိုးတွဲပါသော အမြန်ရထားတစ်စင်းသည် ခရီးသည် ၁၀၀ ခန့်ကို တင်ဆောင်လျက် တစ်နာရီလျှင် ၉၅ မိုင် (၁၅၅ ကီလိုမီတာ)နှုန်းဖြင့် ခုတ်မောင်းလာစဉ် ကမ်ဘာရီယာမြို့ ဆင်ခြေဖုံး ဂရေးယစ်ကျေးရွာအနီးတွင် လမ်းချော် တိမ်းမှောက်ခဲ့သည်။ အဆိုပါရထား၏ ရထားတွဲအများအပြားမှာ သံလမ်းအနီးရှိ တာရိုးကိုကျော်ကာ ထိုးကျသွားခဲ့သည်။ မီးရထားမတော်တဆမှုကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ မီးရထားလမ်းချော် တိမ်းမှောက်မှုကြောင့် အသက် (၈၄)နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရသည်။

***အင်တာနက်။***

**အင်္ဂလန် အနောက်မြောက်ပိုင်း ကမ်ဘာရီယာမြို့အနီးတွင် လမ်းချော်တိမ်းမှောက်သွားသည့် ရထားတွဲများကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



ကြေးမုံ နိုင်ငံတကာ သတင်းများ

# ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်နိုင်ရေး ဥရောပက ဖန်လုံအိမ်အာနိသင် လျှော့ချမည်

**ဘရပ်ဆယ် ဖေဖော်ဝါရီ ၂၄**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု အခြေအနေကြောင့် ဆိုးကျိုးသက်ရောက်မှုမှ ထိန်းချုပ်ကာကွယ်နိုင်ရန် လေထုအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၂၀၂၀ ပြည့်နှစ်နောက်ဆုံးထား၍ ၁၉၉၀ ပြည့်နှစ်အဆင့်ထက် ၂၀ ရာခိုင်နှုန်း လျှော့ချရေးကို ဥရောပသမဂ္ဂ(အီးယူ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများက သောကြာနေ့တွင် မူအားဖြင့် သဘောတူလိုက်ကြသည်။

ဘရပ်ဆယ်၌ ကျင်းပသည့် ဝန်ကြီးများ အစည်းအဝေးတွင် အီးယူဝန်ကြီးများက ယင်းသို့ သဘောတူလိုက်ကြခြင်းဖြစ်သည်။

အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများက တက်ညီလက်ညီ ဆောင်ရွက်သည့်တိုင်အောင် အီးယူပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးများအနေဖြင့် ကမ္ဘာတစ်ဝန်း ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ၃၀ ရာခိုင်နှုန်း လျှော့ချရေးကို သဘောတူသည်ဟုဆိုသည်။

ဥရောပကော်မရှင်က ဇန်နဝါရီလအတွင်း ရေးဆွဲသည့်အ ဆိုပြုချက်များကို ရာသီဥတုပြောင်းလဲမှု တားဆီးရေးအတွက် ကြီးမားသော အစီအစဉ်အဖြစ် ရှုမြင်ကြသည်။

အီးယူ အဖွဲ့ဝင်နိုင်ငံများအတွင်းနိုင်ငံအလိုက် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ လျှော့ချရေးအတွက် မည်သို့ဆောင်ရွက်မည်ကို မဆုံးဖြတ်ရသေးပေ။ အီးယူအတွင်း သဘောထားပေးရာ၌ ၂၀၀၄ ခုနှစ်က အဖွဲ့ဝင်ဖြစ်လာသည့် ဟန်ဂေရီနှင့် ပိုလန်တို့က ဖြတ်တောက်လျှော့ချရေးကို ဆန့်ကျင်သည်ဆို၏။

ဖင်လန်နိုင်ငံကလည်း ကော်မရှင်ရည်မှန်းချက်များကို ဆန့်ကျင်ကြောင်း ပြောဆိုထားသည်။

သို့သော် ဂျာမနီနိုင်ငံက ၄၀ ရာခိုင်နှုန်း လျှော့ချရန်အသင့်ရှိကြောင်း ဂျာမနီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဂါဘရီယယ်က ပြောဆိုသည်။

**ကြိုးပမ်း**

မည်သို့ပင်ဖြစ်စေ ၂၀၁၂ ခုနှစ်တွင် သက်တမ်းကုန်မည့် လက်ရှိ ကျိုတိုသဘောတူညီမှုကို အစားထိုးရေးအတွက် နိုင်ငံတကာ စေ့စပ်ညှိနှိုင်းမှုများမှာ တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီမှုရရန် ကြိုးပမ်းရဦးမည်ဖြစ်သည်။

***အင်တာနက်။***

# တာဝေးပစ်ဒုံးကျည် ပါကစ္စတန်စမ်းသပ်

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၄**

ပါကစ္စတန်နိုင်ငံက ကီလိုမီတာ ၂၀၀၀ (မိုင် ၁၂၅၀)အထိ ပစ်ခတ်နိုင်သည့် မြေပြင်မှ မြေပြင်ပစ် တိုက်ချင်းပစ် ဒုံးကျည်ကို သောကြာနေ့က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

အဆိုပါ တိုက်ချင်းပစ် ဒုံးကျည်ပစ်လွှတ်စမ်းသပ်ရာသို့ စစ်ဦးစီးချုပ်များ၏ ကော်မတီ ပူးတွဲဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အီဆန်ဘူဟက် လာရောက်ကြည့်ရှုသည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် တောင်အာရှဒေသတွင် မဟာဗျူဟာ ချိန်ခွင်လျှာညီမျှစေရန် ကြိုးပမ်းရာတွင် ဒုံးလက်နက်စမ်းသပ်မှုမှာ အရေးပါသည့် မှတ်တိုင်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေး ဂျပန်လိုလား

**တိုကျို ဖေဖော်ဝါရီ ၂၄**

ဂျပန်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေးအဆိုပြုသွားရန် ဘရာဇီး၊ အိန္ဒိယနှင့် ဂျာမနီနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါလေးနိုင်ငံသည် ၂၀၀၅ ခုနှစ်ကလည်း လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရန် အဆိုပြုခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့၏ အဆိုပြုချက်မှာ အထမမြောက်ခဲ့ပေ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် နှစ်နှစ်သက်တမ်းရှိ အလှည့်ကျအဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သည်။ လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေးအတွက် အမေရိကန်နိုင်ငံ၏ ထောက်ခံမှုရရှိရန် ဂျပန်နိုင်ငံက ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေး အစီအစဉ်သစ်ကို ဂျပန်နိုင်ငံက ကမ္ဘာ့နိုင်ငံများနှင့်အတူ မကြာမီ တင်ပြမည်ဟု မျှော်လင့်ရသည်။

***အင်တာနက်။***

# မသန်စွမ်းသူများဂေဟာတွင် မီးလောင် ၂၅ ဦးထက်မနည်း သေဆုံး

**ရီဂါ ဖေဖော်ဝါရီ ၂၄**

လတ်ဗီးယားနိုင်ငံ အနောက်ပိုင်း အယ်လ်ဆွန်ဂါမြို့ရှိ မသန်စွမ်းသူများဂေဟာတွင် သောကြာနေ့က မီးလောင်မှုဖြစ်ပွားရာ ၂၅ ဦးထက်မနည်း သေဆုံးကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။ ယင်းမီးလောင်မှုသည် လတ်ဗီးယားနိုင်ငံ၏သမိုင်းတွင် အဆိုးရွားဆုံး မီးလောင်မှုဖြစ်သည်။

သုံးထပ်အဆောက်အအုံဖြစ်သည့် မသန်စွမ်းသူများဂေဟာတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ၌ ၆၆ ဦးကို ကယ်တင်ပေးနိုင်ခဲ့သည်။ အမျိုးသမီးတစ်ဦးမှာ မီးလောင်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတွင် ကုသမှုခံယူလျက်ရှိသည်။ နံနက် ၁ နာရီဝန်းကျင်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး လေးနာရီကြာမှ မီးငြိမ်းသတ်ခဲ့ရသည်။ လျှပ်စစ်ဝါယာရှော့ဖြစ်ပွားခြင်း သို့မဟုတ် ကန့်သတ်နေရာတစ်နေရာတွင် ဆေးလိပ်သောက်ခြင်းကြောင့် မီးလောင်မှု ဖြစ်ပွားရဖွယ်ရှိပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။

***အင်တာနက်။***



**လတ်ဗီးယားနိုင်ငံ အယ်လ်ဆွန်ဂါမြို့ရှိ မသန်စွမ်းသူများ ဂေဟာ၌ မီးလောင်နေသည်ကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*





**အမှာစကားပြောကြား**

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်(၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် အရာရှိစစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဂီတအနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးပြတပ်ရေးက ဦးဆောင်၍ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများက စစ်ရေးပြကွင်းအတွင်း၌ နေရာယူကြပြီး စစ်ရေးပြမှူးက နေရာယူကာ စစ်ရေးပြတပ်ရေးက တန်းအပ်သည်။

ဆက်လက်၍ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် အလေးပြုခံစင်မြင့်သို့ရောက်ရှိပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များ၏ အလေးပြုခြင်းကိုခံယူသည်။ ထို့နောက် နိုင်ငံတော်အလံကိုအလေးပြုကြသည်။

ဆက်လက်၍ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များက သစ္စာလေးချက်ရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားသည်။

ယင်းနောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးအား ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများမှ စစ်သည်များက အလေးပြုကြသည်။

ထို့နောက် စစ်ရေးပြမှူးက တန်းဖြုတ်ခွင့်တောင်းခံပြီး တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌသည် အလေးပြုခံစင်မြင့်မှ ပြန်လည်ထွက်ခွာသွားကာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများသည်လည်း စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက သရုပ်ပြဖြေဖျော်ပြီး တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် အခမ်းအနားသို့တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဂီတအနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ(၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ တိုင်းစစ်ဌာနချုပ်များနှင့် ခြေမြန်တပ်မဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၃၉သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)



**ဘရူနိုင်း ဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဘောလုံးအသင်းအား အပြီးသတ်ရွေးချယ်အပြီး လေ့ကျင့်ရေးကွင်း၌ နည်းပြဆရာများနှင့်အတူ တွေ့ရစဉ်။**

ဓာတ်ပုံ-စိုးညွှန့် (ကြေးမုံ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၉) ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၉)တွင် အေးဂျင့်များဘက်မှ မမှန်မကန်စာချုပ်ချုပ်ဆိုမှုများကြောင့် မြန်မာလုပ်သားများပြည်ပတွင်နစ်နာရ၊ လာရောက် ထုတ်ခြင်းမရှိသည့် ကျပ်သိန်း၃၀၀ဆုကြီးကို ဘဏ္ဍာအဖြစ်သိမ်းမည်၊ တီဘီရောဂါဖြစ်ပွားနေသူ မြန်မာနိုင်ငံသား၁၀၀တွင်၂၅ရာခိုင်နှုန်းမှာ မိမိတွင်ရောဂါပိုးရှိမှန်းမသိကြ၊ မြန်မာနိုင်ငံတွင် စားသုံးဆီကဏ္ဍဖွံ့ဖြိုးရေး ကန်ဒေါ်လာ ၁၂ဒသမ၃သန်း အိုပက်ကထောက်ပံ့မည်၊ ယခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ လျှပ်စစ်မီတာရှစ်သောင်းခန့် တပ်ဆင်ပေးမည်၊ စားသုံးသူများ အခွင့်အရေးကာကွယ်ပေးသည့်ဥပဒေ မြန်မာနိုင်ငံတွင်လိုအပ်နေ၊ မည်သည့်ဘွဲ့ရမဆို ကွန်ပျူတာဒီပလိုမာကို အွန်လိုင်းပေါ်တွင် သင်ယူလေ့လာနိုင်မည် စသည့်ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ကျက်စားရာ စားကျက်တစ်ခု အားကစားဆောင်းပါးနှင့်အတူ ကိုရီးယားဖျော်ဖြေရေးလုပ်ငန်း စိတ်ဖိစီးမှုကြောင့် ကြေကွဲစရာများ နှင့်ကြုံနေရ၊ ဗြိတိန်မင်းသားကလေးဟယ်ရီ အီရတ်သို့စစ်ထွက်ရဖွယ်ရှိ၊ အာဆီယံ အနှစ် လေးဆယ်ပြည့်လိုဂို'မူလက္ခဏာ'ပြဌာန်း၊ လေကြောင်းလိုင်းများက သုဝဏ္ဏဘူမိလေဆိပ်၌ပင် နိုင်ငံတကာခရီးစဉ်များကိုထားလို၊ လေဆိပ်လုံခြုံရေးကို အရှုံးလုပ်သော ခွေးကလေးဖမ်းမိပြီ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (ကြေးမုံ)



**ဖေဖော်ဝါရီ ၂၀ ရက်က ဒလမြို့နယ်အခြေခံပညာ မူလတန်းကျောင်း အမှတ် (၁၀)တွင် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘ/ဆရာအသင်းအစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းအေးက ပထမတန်း ပထမဆုရ မောင်သျှားထက်အောင်အား ဆုချီးမြှင့်စဉ်။**

(ပညာရေး)

## ဘရူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအသင်းအပြီးသတ်လူရွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မတ် ၃ ရက်မှ ၁၂ ရက်အထိကျင်းပမည့် ဘရူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ် ဘောလုံးအသင်းသည် အပြီးသတ်၁၈ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့်မြန်မာလူငယ်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမောင်ဝင်း၊ အုပ်ချုပ်သူအဖြစ် ဦးစိုးမြင့်လွင်၊ နည်းပြချုပ်အဖြစ် ဦးဉာဏ်ဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးစိုး၊ အားကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ထက်၊ သီဟစည်သူ၊ နောက်တန်း-မိုးဝင်း၊ ထူးကျော်၊ အေးစန်း၊ အောင်ကျော်ဦး၊ ချမ်းချမ်း၊ ဇော်ထက်အောင်၊ ခင်မောင်လွင်၊ အလယ်တန်း-ကျော်ဌေးဦး၊ ရာဇာဝင်းသိန်း၊ နေဝင်း၊ ပိုင်စိုး၊ အောင်မျိုးသန့်၊ရှေ့တန်း-ပြည့်ဖြိုးဦး၊လှအေးထွေး၊ ရဲဝေယံစိုးနှင့် စည်သူသန်းတို့ ပါဝင်ကြသည်။

မြန်မာလူငယ်အသင်းသည် မတ် ၃ ရက်တွင် ဖိလစ်ပိုင်၊ ၅ ရက်တွင် ကမ္ဘောဒီးယား၊ ၇ ရက်တွင် အိမ်ရှင် ဘရူနိုင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်စု ခွဲထားရာ (က)အုပ်စုတွင် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ (ခ) အုပ်စုတွင် မြန်မာ၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနှင့် ကမ္ဘောဒီးယားတို့ပါဝင်ကြသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်ကို မတ် ၁၀ ရက်တွင်လည်းကောင်း၊ ဖိုင်နယ်ပွဲစဉ်ကို မတ် ၁၂ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေး နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**အမှာစကားပြောကြား**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အသင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။**





အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူအင်ဂျင်နီယာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းပရိဝုဏ်အပြင်ဘက်ရှိ အသင်းဆိုင်းဘုတ်ရှေ့၌ကျင်းပရာ မင်္ဂလာအချိန်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံမြေညီထပ်၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ၏ ကုမ္ပဏီများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်သည့် စက်မှုဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို အဆောက်အအုံတတိယထပ်ရှိ စုံညီခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအတွက်ရော နိုင်ငံတော်အတွက်ပါ ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ဒါ့ပြင် မြန်မာနိုင်ငံ ဗိသုကာနှင့် အင်ဂျင်နီယာလောက၏ သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် အရည်အသွေးပြည့်ဝပြီး အဆင့်အတန်းမြင့်သည့် အင်ဂျင်နီယာများ ပေါ်ထွန်းလာရေးအတွက် တစ်ဖက်တစ်လမ်းမှ ပိုမိုပံ့ပိုးဆောင်ရွက်သွားနိုင်တော့မည်ဟု ယုံကြည်ကြောင်း။

ဤအသင်းကြီး၏ နယ်ပယ်အသီးသီးမှာ လုပ်ဆောင်ခဲ့သည့် ကြိုးပမ်းဆောင်ရွက်မှုများ၊ တိုးတက်အောင်မြင်မှုများနှင့် ရည်မှန်းထားသည့် ရှေ့လုပ်ငန်းစဉ်များကို သိမြင်ရသည့်အတွက်လည်း အားရကျေနပ်မိကြောင်း ပြောကြားလိုပါကြောင်း။

အင်ဂျင်နီယာများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ကဏ္ဍပေါင်းစုံကနေ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်ကြသည့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ လမ်း၊ တံတား၊ ဆည်မြောင်းတာတမံ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စက်ရုံအလုပ်ရုံနှင့် စက်မှုဇုန်များ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် အခြားကဏ္ဍအမျိုးမျိုးတို့တွင် တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒါ့ကြောင့်လည်း လုပ်ငန်းနယ်ပယ်အသီးသီးမှာရှိနေကြသည့် ဗိသုကာပညာရှင်များအပါအဝင် အင်ဂျင်နီယာများအားလုံး၏ စွမ်းပကားသည် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နက်နက်ရှိုင်းရှိုင်းပါဝင်ဆောင်ရွက်နေကြကြောင်း။

ယခုဆိုလျှင်နိုင်ငံတော်အစိုးရအနေနှင့်လည်း နည်းပညာတက္ကသိုလ်များကို နိုင်ငံတော်အနှံ့အပြားမှာဖွင့်လှစ်ပြီး မျိုးဆက်သစ် အင်ဂျင်နီယာအမြောက်အမြားကို ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် မိမိ၏ရည်မှန်းချက်တစ်ခုဖြစ်သည့် အင်ဂျင်နီယာဘာသာရပ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပို့ချချက်များ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊သင်တန်းများ တော်တော်များများကိုလည်း ကျင်းပနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းဟောပြောပွဲများ၊ ဆွေးနွေးပွဲများ သင်တန်းများသည် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်မှုများ ဗဟုသုတများနှင့် နောက်ဆုံးပေါ်နည်းပညာများကိုရရှိစေပြီး နိုင်ငံတော်အတွက် ကောင်းစွာအကျိုးပြုနိုင်မှာဖြစ်ပါကြောင်း။

ယခုဆိုလျှင် အသင်း၌အသင်းဝင်အင်ဂျင်နီယာပေါင်း ၁၂၀၀၀ ကျော်ရှိပြီး ယင်းအသင်းသားများသည် အစိုးရဌာနများ၊ နည်းပညာတက္ကသိုလ်များ၊ ပုဂ္ဂလိကအင်ဂျင်နီယာကုမ္ပဏီများ၊ ကျောင်းသူကျောင်းသားများ၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များနှင့် အခြားစိတ်ပါဝင်စားသူများဖြစ်သည်ဟုသိရကြောင်း၊ ဤသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် တောင့်တင်းခိုင်မာသည့် အမျိုးသားအင်အားစုတစ်ရပ်အဖြစ် ရပ်တည်ရှိနေပြီဟု ဆိုရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် အစိုးရဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဒေသဆိုင်ရာအဖွဲ့အစည်းတွေဖြစ်ကြသည့် ASEAN၊ BIMSTEC စသည့်အဖွဲ့များနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခဲ့သည်ကိုတွေ့ရကြောင်း၊ ပြည်တွင်းရှိကုမ္ပဏီအချို့နှင့်လုပ်ငန်းရှင်အချို့ကိုလည်း Energy Efficiency &Conservation နှင့် Renewable Energy ပြိုင်ပွဲများတွင် ASEANမှ ချီးမြှင့်သော ဆုတံဆိပ်များရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရှိရသဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ စွမ်းအင်ချွေတာရေးနှင့် ထိရောက်စွာသုံးစွဲရေး၊ အာဆီယံ+၃ တတိယအကြိမ်စုံညီအစည်းအဝေးကို စွမ်းအင်ဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ၂၀၀၇ခုနှစ် မတ်လ၁၅ရက်နှင့် ၁၆ရက်တို့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ကျင်းပပြုလုပ်သွားရန်ရှိကြောင်းသိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များနှင့်ပူးပေါင်း၍"မြန်မာနိုင်ငံမြေငလျင်ကော်မတီ"တစ်ရပ်ကို ဖွဲ့စည်းပြီး မြေငလျင်နှင့်ပတ်သက်သည့် အထူးပြုလေ့လာမှုများ မကြာခဏပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့် အထပ်မြင့်အဆောက်အအုံများ အရည်အသွေးထိန်းသိမ်းရေးကော်မတီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်ငါးဦး ပါဝင်ပြီး တာဝန်ထမ်းဆောင်နေကြောင်း သိရကြောင်း ကျေနပ်အားရမိပါကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် အင်ဂျင်နီယာနည်းပညာရပ်ဆိုင်ရာဝန်ကြီးဌာနများနှင့် နည်းပညာတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်သည်များကို တွေ့ရှိရ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပင် အကျိုးသက်ရောက်မှုရှိကြောင်း၊ နည်းပညာပြန့်ပွားရေးနှင့် တိုးတက်ရေးအတွက် အသင်းတွင်အင်တာနက်ဆားဗစ်နှင့် စာကြည့်တိုက်တစ်ခုကို ထူထောင်ထားရှိနိုင်ခဲ့သည့်အပြင် Tech Digest အပတ်စဉ် စာစောင်ကိုလည်း ထုတ်ဝေနိုင်ခဲ့ကြောင်းသိရ၍ ဝမ်းသာရပါကြောင်း။

ထို့ကြောင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့် ယုံကြည်ချက်နှင့်အညီ ပြည်တွင်းမှာရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို စုစည်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့်အမျိုးသားရေးအင်အားစုများအဖြစ် ဖွဲ့စည်းပေးခဲ့ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးကလည်း အားထားရသည့်အသင်းကြီးတစ်သင်းဖြစ်ခဲ့ပြီဆိုသည်ကို မျက်ဝါးထင်ထင် ယနေ့မြင်တွေ့နိုင်ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုအပါအဝင် အသင်းသူအသင်းသားများ၊ အင်ဂျင်နီယာများနှင့် ဗိသုကာပညာရှင်များ၊ အစိုးရဌာန၊ နည်းပညာတက္ကသိုလ်များ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ စေတနာဆန္ဒအလျှောက် အလှူငွေထည့်ဝင်သူများ စသည်တို့၏ ပံ့ပိုးကူညီမှုများဖြင့် တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အာဆီယံတိုင်းပြည်များအလယ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံသည် ခံ့ခံ့ညားညား ထည်ထည်ဝါဝါရှိသော အသင်းရုံးချုပ်အဖြစ် ပေါ်ထွက်လာခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားလိုကြောင်း၊ ဤအသင်းနှင့်အဆောက်အအုံကို အခြေပြုပြီး နောင်မျိုးဆက်သစ်အင်ဂျင်နီယာများ၏ အရည်အသွေးနှင့် စွမ်းပကားများကို မြင့်သထက်မြင့်အောင်စွမ်းဆောင်ပေးနိုင်လိမ့်မည်လို့လည်း ယုံကြည်မျှော်လင့်ကြောင်း။

နိဂုံးချုပ်အနေနှင့်ယခုကဲ့သို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ်ဖွင့်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ထို့အပြင် ယနေ့ဆက်လက်ပြုလုပ်မည့်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကိုလည်း အောင်မြင်စွာကျင်းပနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ မျိုးဆက်သစ် အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်များကို မြေတောင်မြှောက်ပေးခြင်းဖြင့် မြန်မာ့အင်ဂျင်နီယာအတတ်နည်းပညာစွမ်းပကားကို နိုင်ငံနှင့်လူမျိုးအတွက် အထိရောက်ဆုံးအသုံးချရင်းကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည့် အင်ဂျင်နီယာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းကြပါဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ASEAN Federation of Engineering Organization (AFEO) မှ ASEAN Engineer Register Head Commissioner, Dr. Gue Swe See က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဆောင်ရွက်ချက်အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားမှူးက (၂၄)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံတွင် ချီးမြှင့်ခဲ့သည့် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသား(AFEO Honorary Fellow)ဘွဲ့ရ ၁၀ဦးနှင့် အာဆီယံအင်ဂျင်နီယာ အသင်းများ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်အသင်းသား (AFEO Honorary Member) ဘွဲ့ရ ၁၀ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ယင်းနောက် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့ရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းကိုယ်စား ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်မြင့်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်တို့အား ASEAN Engineering Register Head Commissioner, Dr. Gue Swe See က ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ AFEO Honorary Member ဂုဏ်ထူးဆောင်ဘွဲ့ရ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယက ဦးကျော်တင်၊မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာကျော်ထင်၊ တပ်မတော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဟန်ဇော်၊ ရန်ကုန်နည်းပညာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (အငြိမ်းစား)ဒေါက်တာလှသန်းနှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြမြဦးတို့အား AFEO Representative Engineer, Mr. Choo Kock Beng က ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်ကို ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်းနှင့်ပတ်သက်၍ ကော်မတီဝင် ဦးကိုကိုကြီးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ ဖြစ်မြောက်ရေးအတွက် ပါဝင်ပံ့ပိုးကူညီခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များပေးအပ်ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက National Development Company Group Ltd. မှ ဒေါက်တာခင်ရွှေ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးကျော်စန်ဝင်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်တို့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်မြင့်၊ United Engineering Co; Ltd. မှဦးဝင်းခိုင်၊ ဦးတင့်ဆန်းနှင့် ဒေါက်တာဌေးဌေးငြိမ်း(ACE ဆောက်လုပ်ရေးကုမ္ပဏီ) တို့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက ဦးအောင်မြင့် (G.T.I အဖွဲ့) နှင့် အဆောက်အအုံပုံစံရေးဆွဲပေးသော ဗိသုကာဆရာသော်တို့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်တို့က Project Directorဦးကိုကိုကြီး၊ ဆရာဦးတိုးတိုးဝင်း၊ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)နှင့် အလှူရှင် ဦးရန်ဟိုးတို့အား ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ အထူးဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဘွဲ့ရပုဂ္ဂိုလ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း စစ်တွေတပ်နယ် ကြက်ဆူပျိုးထောင်ပွဲ တက်ရောက် ဘူးသီးတောင်မြို့နယ် အင်ကြင်းမြိုင်စံပြကျေးရွာ ကြည့်ရှုစစ်ဆေး

## ပေးအပ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အင်ကြင်းမြိုင်စံပြကျေးရွာ ပြည်သူများအတွက် အဝတ်အထည်များ၊ စောင်များ၊လူသုံးကုန်ပစ္စည်းများကို ပေးအပ်စဉ်။** (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၁နာရီခွဲတွင် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။**




ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေတပ်နယ်ရှိ ပျိုးဥယျာဉ်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က တပ်ရင်းတပ်ဖွဲ့များတွင် ခြံစည်းရိုးကြက်ဆူ၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့ စိုက်ပျိုးထားရှိမှုနှင့် ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်အတွင်းရှိ ရော်ဘာ ပျိုးခင်းများတွင် ရော်ဘာပျိုးပင် ၃၉၇၅၅ပင် ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ၂၀၀၇-၂၀၀၈ ခုနှစ်စိုက်ပျိုးရာသီအတွက် ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်နိုင်ရန် တပ်ရင်းတပ်ဖွဲ့၊ မိသားစုဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ဝေငှပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်၊ တိုင်းမှူး၏ ဇနီးဒေါ်ကျော့ကျော့စံတို့က ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးကြပြီး တပ်ရင်းတပ်ဖွဲ့၊ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၃၆၀၀၀နှင့် ပျိုးကိုင်း ၆၅၀၀ ပျိုးထောင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

စစ်တွေတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များက ခြံစည်းရိုးကြက်ဆူ ၆၂၀ ဒသမ ၄ ဧက၊ ရော်ဘာ ၂၈၁ ဒသမ ၇ ဧက၊ ငရုတ်ကောင်း ၁၉၉ ဒသမ ၇ ဧက စိုက်ပျိုးပြီးစီးပြီး ခြံစည်းရိုးကြက်ဆူပင် ၇၁၅၆၄၀၊ ရော်ဘာပင် ၁၄၁၈၀၀၊ ငရုတ်ကောင်း ၁၄၀၂၂၅ပင် ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများနှင့်အတူ မလိခအမြန်ရေယာဉ်ဖြင့် စစ်တွေမြို့မှ ထွက်ခွာလာရာ နံနက် ၁၁နာရီခွဲတွင် မောင်တောခရိုင် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး ဝါးခုတ်ချောင်း တပ်နယ် သောင်းလုံးအောင်ခန်းမ၌ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးနှင့် မိသားစုဝင်များ၏ ပညာရေး ကျန်းမာရေးတို့အတွက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရေးမှာကြားကာ အရာရှိစစ်သည် မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘူးသီးတောင်မြို့နယ် အင်ကြင်းမြိုင် စံပြကျေးရွာသို့ ရောက်ရှိကြရာ ကျေးရွာ ရှင်းလင်းဆောင်၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်မျိုးက စံပြကျေးရွာဆိုင်ရာ အချက်အလက်များ၊ ကျေးရွာ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီး ရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် အင်ကြင်းမြိုင် စံပြကျေးရွာ အုပ်ချုပ်ရေးအဖွဲ့မှ ဦးသန်းအောင်က ကျေးရွာနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များညှိနှိုင်းဆွေးနွေးပြီး ကျေးရွာနေ ပြည်သူများအနေဖြင့် စိုက်ပျိုးရေးကို ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ရေး၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အင်ကြင်းမြိုင်စံပြကျေးရွာ ပြည်သူများအတွက် အဝတ်အထည်များ၊ စောင်များနှင့်လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့မှ ဦးသန်းအောင်က လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်ကြင်းမြိုင် စံပြကျေးရွာဖွံ့ဖြိုးစည်ပင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

**နှစ်ဖက်သော မိဘများနှင့် ခင်ပွန်းဦးဘသန်းဟက်တို့အား ရည်စူး၍ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ ဒေါ်သန်းသန်းနှင့် သားသမီးမြေးမြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။** (က-ပ)








# ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း( ငမိုးရိပ် ) ဒုတိယအဆင့်လုပ်ငန်းများ မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်) ဒုတိယ အဆင့် လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားစဉ်။** (၁၉)

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့သွားရောက်ကာ ရန်ကုန်မြို့တော်သို့ ကြည်လင်သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်သောက်သုံးရေ ပိုမိုဖြန့်ဝေနိုင်ရန် ဒုတိယအဆင့်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များမှာကြားသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် နံနက် ၇နာရီခွဲတွင် ရေသန့်စင်စက်ရုံသို့ ရောက်ရှိလာပြီးရှင်းလင်းဆောင်တွင်ကော်မတီဝင်ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူးဒေါက်တာထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊စီမံကိန်းမန်နေဂျာ ဦးကံမြင့်နှင့် တာဝန်ရှိ အင်ဂျင်နီယာများအားတွေ့ဆုံရာ ရန်ကုန်မြို့တော်သို့ လက်ရှိရေဖြန့်ဝေပေးနိုင်မှုအပြင် ထပ်မံ၍ တစ်နေ့လျှင် ရေဂါလန် ၄၅သန်း တိုးချဲ့ဖြန့်ဝေပေးနိုင်မည့် ဒုတိယအဆင့်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်သည့် အခြေအနေများကို သက်ဆိုင်ရာ အပိုင်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်သည် ဒုတိယအဆင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အကြို အနယ်ထိုင်ကန်တူးဖော်ခြင်း၊ အနည်ထိုင်ကန်နှင့် သဲရေစစ်ကန် တည်ဆောက်နေမှု၊ အောက်ခံအခြေ ကြမ်းပြင်ကွန်ကရစ်လောင်းပြီးခြင်းနှင့် ကျန်ရှိသည့်နေရာများတွင် သံချည်သံကွေးလုပ်ငန်းများ ဆောင်ရွက်ခြင်း လုပ်ငန်းများကို လိုက်လံကွင်းဆင်းစစ်ဆေးသည်။

ဒုတိယအဆင့်တွင် ထပ်မံ၍တစ်နေ့ ရေဂါလန် ၄၅သန်း ဖြန့်ဝေနိုင်ရန် ဆောင်ရွက်ရာတွင် ပထမအဆင့် လုပ်ဆောင်ခဲ့သော လုပ်ငန်းများ ပြီးစီးမှုအပေါ် ပြန်လည်သုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို အခြေခံစနစ်တကျဖြင့် စံချိန်စံညွှန်းပြည့်မီရေးနှင့်လုပ်ငန်းများဆောင်ရွက်ရာတွင် သွက်လက်လျင်မြန်စွာဖြင့် မိုးမကျမီ ပြီးစီးနိုင်ရန် မှာကြားသည်။

(၁၉)

# မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်။



ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားများသို့ ကြွရောက်တော်မူရန် ပြည်တွင်းဘွဲ့ခံ ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ မြန်မာ့မီးရထားခရီးဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြစဉ်။ (သတင်းစဉ်)

# ပြည်တွင်းဘွဲ့ခံ ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ရန်ကုန်မြို့သို့ ကြွရောက်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားများသို့ ကြွရောက်တော်မူရန် ပြည်တွင်းဘွဲ့ခံ ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် ယနေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မြန်မာ့မီးရထားခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြသည်။

## ပင့်ဆောင်

အဆိုပါ ဆရာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်ဘူတာကြီးတွင် ဖူးမြော်ကြိုဆိုကြပြီး ခေတ္တသီတင်းသုံးတော်မူမည့် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကြသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့်သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်ရတနာလုံးချင်း အိမ်ရာနေ ဦးထွေးလင်း-ဒေါ်ထားစိန် မိသားစုက ငွေကျပ် သိန်း ၂၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက သြဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသ ဒ္ဓမ္မဇောတိက ဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယက အဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လီဆူးနှစ်သစ်ကူးပွဲတော် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းတွင် မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိ စာသင်တိုက် သိမ်တော်၌ ကျင်းပသော လီဆူးတိုင်းရင်းသား ရင်သွေးငယ် ရှင်သာမဏေအပါး ၁၀၀ရှင်ပြုပွဲသို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ကိုးနဂါး ရွှေနဂါးမင်းဘုရား ရင်ပြင်တော်ပေါ်၌ မဟာဗောဓိပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး (၄၂)ကြိမ်မြောက် လီဆူးနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)




○ ကျောဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း၏ အိုင်တီနည်း ပညာ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်တာများနှင့် ပြပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌ ဦးရဲမြတ်သူက ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က ပဋ္ဌမအကြိမ်မြောက် ကွန်ပျူတာ နည်းပညာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့များသည် ပြပွဲအတွင်း ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကွန်ပျူတာနည်းပညာပြပွဲတွင် ပြခန်းပေါင်း ၅၆ ခန်း ပြသထားပြီး ဖေဖော်ဝါရီ ၂၅ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ဆောင်ရွက်ပြီးစီး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဝင်များသည် အမရပူရမြို့နယ် တောင်သမန် ကန်ပတ်လမ်းတိုးချဲ့ဆောင်ရွက်နေမှု၊ ကျောက်ခင်းခြင်းနှင့် ခင်းပြီးကျောက်များ လမ်းကြိတ်စက်ဖြင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ အဆိုပါ တောင်သမန်ကန်ပတ်လမ်းမှာ မူလအကျယ် ၁၈ ပေမှ ပေ ၃၀ အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းပေ ၆၉၀၀၊ အနက်ပေ ၂၇၀၀ အထိ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးကြောင်း သိရှိရသည်။

### ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်သမန် ကန်ပတ်လမ်းမှ တောင်သမန်ကန် ဘေးပတ်ဝန်းကျင်၊ ၎င်းလမ်းဘေး ဝဲ၊ ယာတွင် စိုက်ပျိုးထားသော တံခွန်တိုင်ကွင်းရှိ နွေစပါး ၁၅၉ ဧက စိုက်ပျိုးပြီးစီးမှု၊ ပေါင်းလိုက်သမန်းနှိုးခြင်း၊ မြေဩဇာကြဲပက်ခြင်း၊ ရေစုပ်စက်ဖြင့် ရေတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရတနာပုံတက္ကသိုလ်နှင့် ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းကွင်းရှိ တောင်သူ ဦးတင်ဦး၏ လယ်ခြောက်ဧက၌ မနောသုခ နွေစပါးစိုက်ပျိုး အောင်မြင်မှုကိုလည်းကောင်း၊ အမရပူရမြို့နယ် ရေကန်ကျေးရွာအုပ်စု၊ ရှားတော လေးကွင်းရှိ တောင်သူ ဦးအေးကိုနှင့် ဦးကျော်ဌေးတို့၏ လယ်မြေများ၌ မြေဩဇာ ပက်ဖျန်းနေမှု၊ ပေါင်းလိုက်သမန်းနှိုး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တောင်သူ ဦးသန်းညွန့်၏ လယ်မြေ ၃ ဒသမ ၅ ဧကတွင် မနောသုခ နွေစပါးပျိုးပင်များကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေး တော်ဝင် စက်မှုလက်မှုကုမ္ပဏီ လီမိတက် သံရည်ကျို ပုံလောင်းခြင်းနှင့် စက်အစိတ်အပိုင်းများ ထုတ်လုပ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေး တော်ဝင် စက်မှုလက်မှုလီမိတက်ခန်းမ၌ စက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံရာ ရှေးဦးစွာ စက်မှုဇုန်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကုန်ထုတ်လုပ်မှု၊ ထုတ်လုပ်ပြီးစီးသည့် ကုန်ချောများ၏ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ ဒိုင်နမို၊ မော်တာနှင့် ကြက်ဆူကြိတ်စက်များအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက် ထုတ်လုပ်သွားရေး၊ မန္တလေး စက်မှုဇုန်သည် အစဉ်အလာကောင်းသဖြင့် ထုတ်ကုန်များ အရည်အသွေး မကျဆင်းရေး၊ သွင်းကုန်အစားထိုးလုပ်ငန်းများ အရည်အသွေးမြင့်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်သွားရေး၊ နိုင်ငံတော်၏ ရည်မှန်းချက် တာဝန်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကနောင်မင်းသားကြီးလမ်းမှ တံခွန်တိုင်တံတားအထိ ခြောက်လမ်းသွား လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များ မှာကြားပြီး တံခွန်တိုင်တံတားပေါ်မှ တောင်မြင့်ကွင်း နွေစပါးပေါင်းနုတ်သမန်းနှိုးခြင်း၊ ရေစုပ်စက်ဖြင့် ရေတင်နေခြင်း၊ မြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)



ဖေဖော်ဝါရီ ၂၂ရက်က Mo Asia Co., Ltd. မှ ကျပ်သုံးသိန်းငါးသောင်းတန်ဖိုးရှိ Dumilk (Dumex Full Cream) နို့မှုန့်များကို မန်နေဂျာ ဒေါက်တာ ဒေါ်ဖြူတီကြည်နှင့် အကြံပေး ဒေါက်တာဖြူသင်းရွှေတို့က ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဖေဝင်း လက်ခံယူစဉ်။ (ကျန်းမာရေး)

## သဘာဝဘေး အင်တာနက်သတင်း

# ဂွါတီမာလာတွင် မြေကျွံကျ၍ ရောမတွင်းကြီး ဖြစ်ပေါ်လာ

ဂွာတီမာလာစီးတီး ဖေဖော်ဝါရီ ၂၅

**ဂွါတီမာလာနိုင်ငံ ဂွါတီမာလာစီးတီး၌ သောကြာနေ့ အရုဏ်မတက်မီက မြေကျွံကျမှုဖြစ်ပွားပြီးနောက် ရောမတွင်းကြီးတစ်တွင်း ဖြစ်ပေါ်လာကြောင်း၊ နေအိမ်အချို့နှင့် ထရပ်ကားတစ်စီး တွင်းကြီးထဲသို့ ကျွံကျသွားကြောင်း၊ လူသုံးဦးမှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။**

အဆိုပါတွင်းကြီးမှာ မီတာ ၁၀၀ (ပေ ၃၃၀)အနက်ရှိပြီး လူနေထူထပ်သည့်ရပ်ကွက်တစ်ခုတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မကြာသေးမီက မိုးရွာသွန်းခဲ့ခြင်းနှင့် ပေါက်ကွဲနေသည့် ပင်မရေဆိုးပိုက်ကြီးမှ မြေအောက်ရေဆိုးယိုစိမ့်ခြင်းတို့ကြောင့် တွင်းကြီးဖြစ်ပေါ်လာရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပျောက်ဆုံးနေသူများမှာ ဒိုမင်ဂို (၅၃)နှစ်၊ အိုင်ရမာ (၁၈)နှစ်နှင့် ဒေးဗစ်ဆော့ယော့စ် (၁၅)နှစ်တို့ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် ညှိနှိုင်းရေးမှူး ဟူဂိုဟာနန်ဒက်ဇ်က ပြောကြားသည်။ ယင်းတွင်းကြီးမှာ မြေသားတည်ငြိမ်မှုမရှိသေးကြောင်း၊ လူပေါင်း ၁၀၀၀ နီးပါးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းစေခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါရောမတွင်းကြီးမှ အနံ့ဆိုးများ၊ အသံဗလံများနှင့် တုန်ခါမှုများ ထွက်ပေါ်နေပြီး တဝေါဝေါစီးဆင်းနေသည့် ရေသံကိုလည်းကြားရသည်။ လက်ရှိတွင်းကြီး ပိုမိုကျယ်ပြန့်လာမည်ကိုလည်းကောင်း၊ အခြားနေရာများ၌ မြေကျွံကျမှုများ ဖြစ်ပွားလာမည်ကိုလည်းကောင်း တာဝန်ရှိသူများက စိုးရိမ်ပူပန်လျက်ရှိသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၂၃ ရက်က ဂွါတီမာလာစီးတီးတွင် မြေကျွံပြီးရောမတွင်းကြီးဖြစ်ပေါ်နေစဉ်။
*(ဓာတ်ပုံ-အင်တာနက်)*



# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၀၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၃၀ | ၈။ | International News. |
| ၈း၄၅ | ၉။ | Grammar Made Easy. |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | Practice in Reading. |
| ၄း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၄း၅၅ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (မြန်မာစာအထူးပြု)(မြန်မာစာ) |
| ၅း၁၀ | ၆။ | အကပဒေသာ |
| ၅း၂၀ | ၇။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၃၀ | ၈။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ |
| ၅း၄၀ | ၉။ | **"ပွန်းသံ" (ရောနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)** |
| ၅း၄၅ | ၁၀။ | တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၅း၅၅ | ၁၁။ | ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း-၁) |
| ၆း၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၄။ | အလှရှာမယ်လှကမ္ဘာဝယ် |
| ၇း၀၀ | ၁၅။ | စက်မှုထုတ်ကုန်မုံရွာစက်မှုဇုန် |
| ၇း၁၀ | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမငယ်ပါသေး" (အပိုင်း-၁၉)** |
| ၈း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း-၂၇)** |
| | ၂၁။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

ကြေးမုံ The Mirror

# ပြည်တွင်းသတင်းမှတ်စု

## ဘုရားပွဲတော်နှင့် ဘုံခုနစ်ဆင့် ထီးတော်တင်မင်္ဂလာ

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သန္တာ၁-၁၅လမ်း မာရ်အောင်ကျောင်းတိုက် နတ်မောက်ကျောင်းအတွင်း တည်ထားကိုးကွယ်သော ပြည်လုံးချမ်းသာ အောင်သိဒ္ဓိစေတီတော်မြတ်ကြီးနှင့် အရံစေတီ ၇၅ဆူနှင့် ရုပ်ပွားတော် ၅၈၄ဆူတို့ကို ဗုဒ္ဓါဘိသေက မင်္ဂလာနှင့် သံဃာတော်အပါး ၃၀၀ ကျော်တို့အား တပေါင်းလပြည့်နေ့တွင် အရုဏ်ဆွမ်းနှင့် စာရေးတံမဲလှူဒါန်းပြီး ညနေ ၃ နာရီတွင် သံဃာတော် ၇၂ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်။

## အလောင်းတော်ကဿပ ဖူးမြော်မည်

အလောင်းတော်ကဿပအရှင်မြတ်အား (၃၉)ကြိမ်မြောက် ဖူးမြော်ရန် အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့မှကြီးမှူး၍ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းမှ မတ် ၂၆ရက်တွင် ထွက်ခွာမည်ဖြစ်ရာ ဖိုလ်ဝင်တောင်မှ လိုက်ပါလိုသူများ မတ် ၂၅ရက် အရောက်လာကြရမည်ဖြစ်သည်။ ရန်ကုန်မှ မတ် ၂၄ရက်တွင် ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများ အကျိုးဆောင် ဦးမောင်မောင်ဌေး ဖုန်း-၂၂၆၀၂၄ သို့ မတ် ၁၇ ရက် နောက်ဆုံးထား ဆက်သွယ်နိုင်ကြောင်းသိရသည်။

## ပြည်ထောင်စုမော်ကွန်း နံရံကပ်စာစောင်ဖွင့်လှစ်ပြသ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် "ပြည်ထောင်စုမော်ကွန်း" နံရံကပ်စာစောင် ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ကျိုက်ဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၇ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ရဲအုပ်ကျော်ဝင်းနှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးစိုးမြင့်က အမှာစကားပြောကြားကာ ကျောင်းသူကလေးများက ပန်းဖွားအကဖြင့် ကပြဖျော်ဖြေကြသည်။

## အခြေခံနှင့် အဆင့်မြင့် ပန်းအလှပြင်သင်တန်းများ ဖွင့်လှစ်မည်

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍အခြေခံပန်းအလှပြုပြင်မှုသင်တန်း (၂/၂၀၀၇)ကို မတ် ၅ ရက်မှ ၁၃ ရက်အထိ မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအတွင်း အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၀၇)ကို အခြေခံသင်တန်းဆင်းပြီးသူများဖြင့် မတ် ၁၅ ရက်မှ ၂၆ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း သင်တန်းသား၊ သင်တန်းသူ ၅၀ စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခြေခံသင်တန်းတွင် ကျပ် ၄၀၀၀၊ အဆင့်မြင့်သင်တန်းတွင် ကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် အခြေခံသင်တန်းတွင် ကျပ် ၅၀၀၀၊ အဆင့်မြင့်သင်တန်းတွင် ကျပ် ၈၀၀၀သတ်မှတ်ထားရာ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း- ၃၇၈၃၆၁သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်းသိရသည်။

## မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့တော်အား သန့်ရှင်းသာယာသပ်ရပ်လှပပြီး ကျန်းမာရေးနှင့်ညီညွတ်သော မြို့တော်ဖြစ်စေရန် စီမံချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒု-ဦးစီးမှူး(သန့်)နှင့်ဝန်ထမ်းများသည် ဇရော၊ သီတာရပ်ကွက်မှ တပ်ကုန်းရပ်ကွက်အထိ ဆွမ်းပရာဘွမ်လမ်းမကြီး လမ်းလယ်ကျွန်း ပန်းပေါင်များ သာယာလှပရေးအတွက် ထိန်းသိမ်းခြင်း၊ လမ်းဝဲ/ယာ တစ်လျှောက် ချုံနွယ်များမရှိစေရေး ရှင်းလင်းဆောင်ရွက်ခြင်းနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးကြသည့်လုပ်ငန်းဆောင်ရွက်မှုအား ဦးစီးအရာရှိ ဦးခင်အောင်နီ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

## ဧရာဝတီတိုင်း ဆရာဝန်ညီလာခံ၊ ခန်းမဆောင်သစ်ဖွင့်ပွဲနှင့် ဆေး၊ ဆေးပစ္စည်းပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်းခွဲ(ပုသိမ်)က ကြီးမှူး၍ ဆဋ္ဌမအကြိမ် ဧရာဝတီတိုင်း ဆရာဝန်ညီလာခံ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်) အစည်းအဝေးခန်းမဆောင်သစ် ဖွင့်ပွဲနှင့် ဆေး၊ ဆေးပစ္စည်းများပြပွဲကို မတ် ၂၂ရက်မှ ၂၃ရက်အထိ ပုသိမ်မြို့ အသင်းခန်းမဆောင်သစ်၌ ကျင်းပမည်ဖြစ်ရာ နောက်ဆုံးပေါ်ဆေးကုသနည်းနှင့် သုတေသနစာတမ်းများကို ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါညီလာခံသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာဝန်များ တက်ရောက် ဆွေးနွေးကြရန်နှင့် အသေးစိတ်သိရှိလိုပါက အသင်းဥက္ကဋ္ဌ ဒေါက်တာကြည်ဖေ (အရိုးအထူးကု) ဖုန်း ၀၄၂-၂၄၂၈၂ နှင့် အတွင်းရေးမှူး ဒေါက်တာစိုးလင်း(အရိုးအထူးကု) ဖုန်း ၀၄၂-၂၅၂၃၅ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)



## ကျိုက်မော်ဝန်း ရေလယ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကျောက်တန်းမြို့ ကျိုက်မော်ဝန်း ရေလယ်စေတီတော် (၈၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီတွင် ရေလယ်ဘုရားလမ်းရှိ ဗုဒ္ဓပူဇနီယပွဲတော်မုခ်ဦး၌ ကျင်းပရာ ပွဲတော်ကျင်းပရေး ဇာပိုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဦးစီးမှူးများ၊ မြို့ပေါ်ရပ်ကွက်အသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျိုက်မော်ဝန်းရေလယ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးဇာပိုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** (၇၄)

## ရေဦးဆရာတော် တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြောက်ဥက္ကလာပမြို့နယ် မိုးကုတ်ဝိပဿနာ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့် ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီသည် မတ် ၄ရက်မှ၁၀ရက်အထိ စကားလွန်းရွာ ဘိုကလေးမြို့၊ မတ်၁၅ရက်မှ ၁၆ရက်အထိ ဂရံသာယာအေးရွာ သာယာဝတီမြို့၊ မတ် ၁၇ရက်မှ ၁၉ရက်အထိ ဆင်ကျွန်းရွာ မိုးညိုမြို့၊ ဧပြီ ၁၃ရက်မှ ၂၂ရက်အထိ အဖွဲ့ခွဲ၂၀၉(သင်္ကြန်အထူးပွဲ) ကော့သောင်းမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

**မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးအား သိမ်ဖြူဟော်ကီအားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။**

(ဟော်ကီအဖွဲ့ချုပ်)



## ပုသိမ်အသင်း(ရန်ကုန်) မြတ်မော်တင်ဘုရားဖူးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပုသိမ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ မြတ်မော်တင်ဘုရားဖူးခရီးစဉ်ကို မတ် ၁ရက်(ကြာသပတေး) နံနက် ၉နာရီတွင် လမ်းသစ်လမ်း ပုသိမ်ဗောတံတားမှ ထွက်မည်။ မတ် ၃ရက်(စနေနေ့)ညနေ ခမောက်မော်ဆိပ်ကမ်းမှ ပုသိမ်သို့ ပြန်လည်ထွက်ပြီး မတ် ၄ရက်(တနင်္ဂနွေနေ့) ရန်ကုန်သို့ ပြန်ရောက်မည်ဖြစ်ရာ အသင်းဝင်များ၊ ဓမ္မမိတ်ဆွေများသည် ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၈၂၅၈၊ ဦးလေးတင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၂၂၁၈၇၈၊ ၇၀၁၄၇၃နှင့် ဦးလှိုင်ဝင်းရှိန် ဖုန်း-၃၈၆၃၆၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)



**ရန်ကုန်တိုင်း ဆိပ်ကြီး ခနောင်တိုမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးငွေနှင့် အဖွဲ့ ဖေဖော်ဝါရီ ၆ ရက်က ခနောင်တို အရှေ့ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဈေးလမ်း အရှည် ပေ ၁၀၉၀ အကျယ်ခြောက်ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ်။**

(က-ပ)

## မြက်ခင်းတုဟော်ကီကွင်းတည်ဆောက်မှု အဖွဲ့ချုပ်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူဟော်ကီအားကစားကွင်း၌ တည်ဆောက်လျက်ရှိသော မြန်မာနိုင်ငံ၌ ပထမဦးဆုံး မြက်ခင်းတု ဟော်ကီအားကစားကွင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ၊ ဂျာမနီနိုင်ငံ ပိုလီတန်ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင် Mr. Choutas နှင့် Mr. Elise၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Modern Builders Co. မှ ဒေသခံကိုယ်စားလှယ် Mr. Ahmed Hashim Munneeတို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မြက်ခင်းတု ဟော်ကီအားကစားကွင်း၏ မြက်ခင်းတုခင်းကျင်းမှုလုပ်ငန်းများ ပြီးစီးပြီဖြစ်ကာ ရေဖြန်းမှုစနစ်လုပ်ငန်းများကို ဆက်လက်၍ လုပ်ဆောင်လျက်ရှိရာ မကြာမီရက်အတွင်း ပြီးစီးသွားမည်ဖြစ်သည်။

ယင်းမြက်ခင်းတု ဟော်ကီ အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းများကို အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့် MMM ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီတို့က ပူးပေါင်းတည်ဆောက်ခြင်း ဖြစ်သည်။

၂၀၀၇ခုနှစ် နွေရာသီ ဟော်ကီအားကစား အခြေခံသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူများအား သိမ်ဖြူမြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ရက်သတ္တတစ်ပတ်လျှင်နှစ်ကြိမ် လေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၇ (တနင်္လာနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၁၁)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဝေဟင်ချစ်သူ (အပိုင်း-၈)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

# (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

Presented by
HAN
Golf Masters

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်တို့က ကြီးမှူး၍ Han Golf Masters Pte, Ltd.က အဓိက ကူညီပံ့ပိုးသော ၂၀၀၇ ခုနှစ် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ည ၇နာရီတွင် ရန်ကုန်မြို့ အင်းစိန်ရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈) ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Hole-in-one ဆုရရှိသော ပဲခူးတိုင်းမှ သန်းဇော်အား လည်းကောင်း၊ Team Captain Callaway System ပြိုင်ပွဲတွင် ၇၄ ချက်ဖြင့် ဒုတိယရရှိသော ကရင်ပြည်နယ်မှ ထွန်းထွန်းနှင့် ၇၄ချက်ဖြင့် ပထမရရှိသော ပဲခူးတိုင်းမှ ဝင်းဗိုလ်တို့အားလည်းကောင်း၊ Individual Handicap ပြိုင်ပွဲတွင် Nett Total ၂၇၃ချက်ဖြင့် တတိယရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မြင့်ဇော်၊ Nett Total ၂၇၂ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းမှ ရန်နိုင်ဖြိုးနှင့် Nett Total ၂၇၂ ချက်ဖြင့် ပထမရရှိသော မွန်ပြည်နယ်မှ ဇော်နိုင်တို့အား လည်းကောင်း၊ Individual Scratch ပြိုင်ပွဲတွင် Total Gross ၂၉၉ ချက်ဖြင့် တတိယရရှိသော မန္တလေးတိုင်းမှ အာကာကျော်၊ Total Gross ၂၉၅ ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းမှ ရန်မျိုးအေးနှင့် Total Gross ၂၈၀ ချက်ဖြင့် ပထမရရှိသော ရန်ကုန်တိုင်းမှ စိုးမိုးဝင်းတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Team Handicap ပြိုင်ပွဲတွင် Nett Total ၈၂၁ ချက်ဖြင့် ဒုတိယရရှိသော မွန်ပြည်နယ်နှင့် Nett Total ၈၁၈ ချက်ဖြင့် ပထမရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)တို့အားလည်းကောင်း၊ Team Scratch ပြိုင်ပွဲတွင် Gross Total ၉၁၀ ချက်ဖြင့် ဒုတိယရရှိသော ပဲခူးတိုင်းနှင့် Gross Total ၈၈၁ ချက်ဖြင့် ပထမရရှိသော ရန်ကုန်တိုင်းတို့အား ဆုများကိုလည်းကောင်း အသီးသီးချီးမြှင့်ပြီး ၂၀၀၇ ခုနှစ် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းအသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက်တံခွန်စိုက်ဆု ရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဆုဖလားကြီးနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။

၂၀၀၇ ခုနှစ် ပြည်နယ်နှင့် တိုင်းအသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Main Sponsor မှာ Han Golf Masters Pte, Ltd. ဖြစ်၍ Co-Sponsors များအဖြစ် Srixon, Air Bagan, Imperial Jade Drinking Water, Heather Gate Whisky တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized by Han Event Management) က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသွားသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# မီးကြွင်း မီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ

# အင်တာနက် အားကစား သတင်းများ

# ကားလင်းဖလားဗိုလ်လုပွဲ ချယ်လ်ဆီးဗိုလ်စွဲ အာဆင်နယ်ကို နှစ်ဂိုးတစ်ဂိုးဖြင့်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၅

**အင်္ဂလိပ် ကားလင်းဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အင်္ဂလန် ဝေလပြည်နယ် ကာဒစ်မြို့ရှိ ထောင်စုနှစ် အားကစားကွင်းတွင် ယနေ့ကျင်းပရာ ချယ်လ်ဆီးအသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆုဖလားကို ဆွတ်ခူးရယူလိုက်သည်။**

ချယ်လ်ဆီးအသင်းအတွက် ဒရော့ဘာတစ်ဦးတည်းက နှစ်ဂိုးသွင်းပေးသည်။ ပွဲချိန် ၁၂မိနစ်တွင် အာဆင်နယ်အသင်းမှ ဝယ်လ်ကော့က ဂိုးသွင်းခဲ့ပြီး ပွဲချိန်မိနစ် ၂၀တွင် ဒရော့ဘာက ချေပဂိုးသွင်းယူနိုင်သည်။ ပွဲချိန် ၈၄ မိနစ်တွင် ဒရော့ဘာကပင် ရော်ဘင်ဖြတ်ပို့ပေးလိုက်သည့် ဘောလုံးကို ခေါင်းတိုက်သွင်းယူခဲ့သည်။

ယခုပွဲတွင် ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီမှာ မျက်နှာတွင် ထိခိုက်ဒဏ်ရာရရှိပြီ ထွက်သွားရခဲ့သည်။ ဒုတိယပိုင်း စတင်ကစားပြီးနောက် ၁၅မိနစ်အကြာတွင် အာဆင်နယ် ကွင်းလယ်ကစားသမား အဘူဒါဘီက ၎င်း၏မျက်နှာကို မတော်တဆကန်မိရာမှ ဒဏ်ရာ ရခြင်းဖြစ်သည်။ တယ်ရီသည် ဗုဒ္ဓဟူးနေ့ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ခြေချင်းဝတ်၌ ထိခိုက်ဒဏ်ရာရခဲ့ပြီး ကားလင်းဖလားဘောလုံးပွဲအမီ ပြန်လည် နာလန်ထူခဲ့ရာမှ ထပ်မံဒဏ်ရာရရှိခြင်းဖြစ်သည်။

ကားလင်းဖလားဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းမှ မီကဲလ်၊ အာဆင်နယ်အသင်းမှ တိုရီနှင့် အာဒီဘေယာတို့ ပွဲချိန် မိနစ် ၉၀ တွင် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ကြရသည်။

***အင်တာနက်။***



**ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသော ကားလင်းဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အာဆင်နယ်အသင်းမှ နောက်တန်းလူ ဂျာရမီအလီဒိုင်ယာနှင့် ချယ်လ်ဆီးနောက်တန်းလူ ဂျွန်တယ်ရီတို့အား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



**ဖေဖော်ဝါရီ ၂၄ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အိဒ်စ်ရောဂါရှင်ကလေးများက ဇီဒန်းအား ၎င်း၏ရုပ်ပုံပါရှိသည့် ပိုစတာကို ပေးအပ်စဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပြင်သစ်ဘောလုံးသမားဟောင်း ဇီဒန်း ချင်းမိုင်တွင် ရန်ပုံငွေပွဲကစား

**ချင်းမိုင် ဖေဖော်ဝါရီ ၂၅**

ပြင်သစ်လူမျိုး လက်ရွေးစင်ဘောလုံးသမားဟောင်း ဇီနက်ဒင်း ဇီဒန်းသည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် စနေနေ့ကကျင်းပသော အိဒ်စ်ရောဂါရှင်များအတွက် ရန်ပုံငွေရှာဖွေရေးဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ကြောင်း၊ ဇီဒန်း၏ အနာဂတ်ရေးအစီအစဉ်များနှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းချက်များကို ၎င်းက ဖြေကြားခြင်းမရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဇီဒန်းသည် ဖီဖာ၏ နှစ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ်တိုင်တိုင် ရရှိခဲ့သူဖြစ်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနောက်ပိုင်း ချင်းမိုင်တွင် ဘောလုံးကစားခြင်းမှာ ၎င်းအတွက် ပထမဆုံးသော ဘောလုံးပွဲဖြစ်သည်။

ဇီဒန်းသည် ဒေးဗစ်ဘက်ဟမ်းနည်းတူ အမေရိကန်တွင် ဘောလုံးကစားမည်ဟူ၍ သတင်းများထွက်ပေါ်နေခြင်းကို ၎င်းကငြင်းဆိုသည်။

***အင်တာနက်။***

# လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ လင်းနော့စ်လူးဝစ် ပြန်မလာ

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း လင်းနော့စ်လူးဝစ်သည် လက်ဝှေ့ ပြန်လည်ထိုးသတ်မည် ဆိုသော မီဒီယာသတင်းများက ယနေ့ ငြင်းပယ်လိုက်သည်။

အင်္ဂလန် နိုင်ငံသား လင်းနော့စ်လူးဝစ်သည် ၎င်း၏ ပြိုင်ဘက်ဟောင်း ဗိုက်တာလီကလစ်ချကိုနှင့် တစ်ချီ တစ်မောင်း ပြန်လည်ထိုးသတ်ရန် ပြန်လည်လေ့ကျင့်နေသည်ဟု ဗြိတိသျှသတင်းစာများက စနေနေ့တွင် ရေးသားဖော်ပြခဲ့သည်။ ကလစ်ချကိုမှာ ဂျာမနီနိုင်ငံတွင် နေထိုင်သည့် ယူကရိန်းလူမျိုး လက်ဝှေ့သမားဖြစ် ပြီး ဒဗလျူဘီစီ၏ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဆု ရရှိခဲ့သူဖြစ်သည်။

လန်ဒန် ဝက်စ်ဟမ်း ဇာတိဖွားလင်းနော့စ်လူးဝစ်သည် ဆုကြေးစား လက်ဝှေ့သမားဖြစ်ပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် လက်ဝှေ့လောကမှ အနားယူခဲ့သည်။ ၎င်းသည် မိုဟာမက်အလီနှင့် အီဗန်ဒါဟိုလီဖီးတို့နည်းတူ ဟဲဗီးဝိတ်လက်ဝှေ့သမိုင်းတွင် ချန်ပီယံဘွဲ့ကို သုံးကြိမ်တိုင်တိုင် ရယူခဲ့သည်။

မိမိသည် အားကစား ဝေဖန်ရေးဆရာ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် ဖခင်တစ်ဦးအဖြစ် ကျင်လည်နေကြောင်း လက်ဝှေ့ပြန်လည် ထိုးသတ်မည် မဟုတ်ကြောင်း လူးဝစ် **(အောက်ပုံ)**က ပြောကြားသည်။

***အင်တာနက်။***





**ဖေဖော်ဝါရီ ၂၀ ရက်က စပိန်နိုင်ငံ မဒရစ်မြို့တွင် ချန်ပီယံလိဂ် ၁၆သင်းအဆင့် ဘောလုံးပြိုင်ပွဲ ပထမ အကျော့ပွဲတွင် ရီးယဲလ်မဒရစ်အသင်းမှ ဒေးဗစ်ဘက်ဟမ်းအား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဂလက်ဇီအသင်းတွင် ဒေါ်လာ ၂၇သန်းကျော် ဒေးဗစ်ဘက်ဟမ်းရရှိမည်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

ဒေးဗစ်ဘက်ဟမ်းသည် အမေရိကန်နိုင်ငံရှိ လော့စ်အိန်ဂျလိစ် ဂလက်ဇီကလပ်အသင်းတွင် ဘောလုံးရာသီ ငါးရာသီကစားပေးခဲ့ခြင်းအတွက် လုပ်ခ ဒေါ်လာ ၂၇ဒသမ၅သန်း ရရှိမည်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂလက်ဇီကလပ်အသင်းသည် ဘက်ဟမ်းအား ခေါ်ယူနိုင်ရန် ဒေါ်လာသန်း ၂၅၀ အထိ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း၊ အားကစားလောကတွင် စံချိန်တင်ငွေကြေးပမာဏပင်ဖြစ်ကြောင်း ယင်းအသင်းကို ထူထောင်ထားသည့် အေအီးဂျီကုမ္ပဏီက ပြောကြားခဲ့သည်။

***အင်တာနက်။***

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့်သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သာသနာပြုဆရာကြီး ဦးမင်းလွင် ဦးဆောင်သော မြန်မာပြည်လှူရှင်ယိ ဗုဒ္ဓသာသနာပြုအဖွဲ့မှ ဘုရားဒါယကာ ဦးလှရွှေ ဒေါ်အာဝါး၊ သားသမီး၊ မြေးတစ်စု(ရောဝတီတိုင်း ငါးသိုင်းချောင်းမြို့ သာယာကုန်းရွာ)မှ အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူ လမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)





## ပေးအပ်လှူဒါန်း

ကွယ်လွန်သူမိခင်ကြီး ဒေါ်တင်ဦးအား ရည်စူး၍ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၈၉)လမ်းနေ သမီးဒေါ်ဝင်းဝင်း၊ ဦးလှသန်း၊ ဒေါ်နွဲ့နွဲ့အေး၊ ဒေါ်ဝေဝေမြင့်၊ ဦးလှမြင့်ဦး၊ ဒေါ်စိုးစိုးရီတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဖေဖော်ဝါရီ ၁၅ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရွှေသံလွင်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် ဆရာမကြီး ဒေါ်ငွေညွန့်အား အမှူးထား၍ တနင်္သာရီတိုင်း ပုလော အထက ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။ (က-ပ)



## တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရဆရာတော် ထပ်ဆင့်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်အစိုးရက ၂၀၀၇ ခုနှစ် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော တောင်တွင်းကြီးမြို့ တောင်ပြင်(၁)ရပ်ကွက် ပုဏ္ဏဝတီ ကျောင်းမှ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တအား တောင်တွင်းကြီး မြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ ထပ်ဆင့်ဂုဏ်ပြုချီးကျူး ပူဇော်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် (၅)ရပ်ကွက် မစိုးရိမ် လမ်းရှိ ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက်၌ (၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မတ် ၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များရော၊ မဝင်ရသေးသူများပါ တက်ရောက်ပူဇော်နိုင်ကြောင်းနှင့် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) ဖုန်း-၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း-၅၃၉၇၃၈၊ ၆၅၁၉၄၃၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း-၂၄၃၉၉၃၊ ၆၄၀၈၆၈ တို့သို့ ဖြစ်စေ နီးစပ်ရာ အမှုဆောင်/အရန်အမှုဆောင်များထံ ဖြစ်စေ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီ)ရတနာမန္တာရုံ၊ ၉၈၊ ရွှေဘုံသာလမ်းအောက်၊ ပန်းဘဲတန်းမြို့နယ်သို့ ဦးတင့်လွင် ဆောက်လုပ်ရေး အထူးအဖွဲ့(၁)ထံမှ ပေးပို့လှူဒါန်းငွေကျပ် ၁၀၀၀၀၀ကို ဘဏ္ဍာရေးမှူး ဦးမျိုးထွဋ် လက်ခံယူစဉ်။ (က-ပ)

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်(၆) ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ယခုတစ်ပတ် ဂျာနယ်တွင် အခြေခံစားကုန် သားငါးများ ဈေးနှုန်းကျဆင်းရန် ကြိုးပမ်း၊ ကောလာဟလ သတင်းများကြောင့် မြေဈေးများမြင့်မား၊ ပြည်တွင်းရေကြောင်းအလုံသင်္ဘော ကျင်းတွင် ပြည်ပကုမ္ပဏီများမှ ကမ်းလှမ်းသည့် ရေယာဉ်သစ်များ လက်ခံတည်ဆောက်လျက်ရှိ၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်၏ ပျားရည်ထုတ်လုပ်မှု လျာထားချက် မက်ထရစ်တန် ၁၀၀ရှိ၊ ဘေးဒုက္ခ ဆန်းစစ်လေ့လာရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေး သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်၊ မထသ လက်အောက်မှ မော်တော်ယာဉ်များ ဆစ်ပိုင်းပြေးဆွဲပါက ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးစလုံးအား တရားဝင်ထုတ်ပယ်မည်၊ မြန်မာပြည်၏ ပထမဆုံး ရုပ်ရှင်ပြဇာတ် သင်တန်းဖွင့်လှစ်၊ မျက်လှာပွင့် ရုပ်ပွားတော်ကြောင့် ဒလတွင် လူစည်ကား၊ တစ်ကီလိုကို တရုတ်ငွေ လေးယွမ် ရတဲ့ ဈေးကွက်ဝင် သခွားမွှေး၊ ကောလာဟလတွေကို ချေဖျက်လိုက်တဲ့ လူတိုင်းအတွက် စားအုန်းဆီ အစရှိသဖြင့် ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထွန်းဦးစာပေ (မန္တလေး)၊ ဆင်တောင်ကြီး၊ ဝါမိုးအောင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ နီလာစာပေ၊ တင်စိုးစာပေ၊ ၄၆လမ်း (မောင်မှူ)၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာပေတို့တွင် ဝယ်ယူနိုင်သည်။

စာမူရှင်များကို ဖိတ်ခေါ်ထားပြီး စာမူများ ပေးပို့လိုလျှင် အမှတ်-၂၂၈၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သိမ်ဖြူလမ်း၊ ရန်ကုန်၊ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗဟိုမီးသတ်စခန်း၊ အမှတ်(၃)မီးသတ်စခန်းနှင့် အမှတ်(၁) မီးသတ်စခန်းများသို့ သွားရောက်၍ မီးသတ်တပ်ဖွဲ့ဝင်များ၏ အသင့်အနေအထား ဆောင်ရွက်မှုအခြေအနေ၊ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

### ဆောင်ရွက်ပေး

ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၂၃ရက် နံနက်ပိုင်းတွင် မြဝတီစစ်ကြောင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၏ အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ စိတ်ဓာတ်စည်းကမ်းနှင့် ကျန်းမာရေးဆိုင်ရာများ မှာကြားသည်။ နေ့လယ်ပိုင်းတွင် အသစ်တည်ဆောက်လျက်ရှိသော လယ်ဝေး မီးသတ်စခန်းနှင့် ပျဉ်းမနား မီးသတ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## Nibban နှင့် ဗဟိုထုတ်ကုန်ပစ္စည်း အရောင်းကိုယ်စားလှယ်နှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

Nibban Electric &Electronics လုပ်ငန်းမှ ထုတ်လုပ်သည့် Nibban နှင့် ဗဟိုထုတ်ကုန်ပစ္စည်းများကို ဦးစားပေး ရောင်းချပေးလျက် ရှိသော အရောင်းကိုယ်စားလှယ်ကြီးများအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသည့် အရောင်းကိုယ်စားလှယ်ကြီးများနှင့် တွေ့ဆုံပွဲ(၂၀၀၇) အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ Nibban Group ဥက္ကဋ္ဌ ဦးသိန်းကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ Nibban Trading၏ Managing Director နှင့် Nibban Electric & Electronics လုပ်ငန်း၏ General Manager ဒေါက်တာ အောင်သိန်းက ထုတ်ကုန်ပစ္စည်းအသစ်များဖြစ်သော Nibban All in One Antenna, Nibban Servo Stabilizer, Nibban U Processor Control Digital AVR & Safeguard, Nibban Auto & Manual Voltage Regulator တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အရောင်းကိုယ်စားလှယ်ကြီးများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။ ယင်းနောက် ၂၀၀၆ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်ကြီးအား ဆုချီးမြှင့်သည်။

Nibban Electric& Electronics လုပ်ငန်းသည် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ISO 9001:2000) လက်မှတ်ရရှိထားပြီးဖြစ်သည်။ ထို့အပြင် သုံးစွဲသူများ၏ လိုအပ်ချက်ဖြစ်သော အရည်အသွေးမြင့်မားသည့် Nibban TV Antenna & Booster, Nibban Servo Stabilizer, Nibban U Processor Control Digital AVR & Safeguard, Nibban Digital AVR, Nibban AVR & Safeguard, Nibban Auto & Manual Voltage Regulator, Nibban Auto Inverter, ဗဟိုအင်ဗာတာ၊ ဗဟိုမီးအားမြှင့်စက်နှင့် ဗဟိုဘက်ထရီအားသွင်းစက်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Nibban Electric & Electronics လုပ်ငန်းမှ ထုတ်လုပ်သော Nibban နှင့် ဗဟိုထုတ်ကုန်ပစ္စည်းများ အထူးရောင်းချပေးသော အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲတွင် Nibban Group ၏ဥက္ကဋ္ဌ ဦးသိန်းကြည် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)









ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းနေ ဦးမောင်မောင်တင်- ဒေါ်မြမြတို့က ဦးမောင်မောင်တင်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ် လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)



ဖေဖော်ဝါရီ ၂၀ ရက်က မုဒုံမြို့ ဘိုးဘွားရိပ်သာ လေ့လာရေး ခရီးစဉ်အတွင်း ရန်ကုန်မြို့ မုဒုံအသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း)က ငွေကျပ် ၅၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးလှသိန်း လက်ခံရယူစဉ်။ (က-ပ)



## ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်ရိပ်သာ (၅)လမ်း၊ ခြံအမှတ်(၆)နေ ဦးစံမြင့် Marine Engineer(E.E-F.G)-ဒေါ်မြင့်မြင့်စိုး (ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးချုပ်-ငြိမ်း) တို့၏ သားထွေး

**မောင်ရွှေဖြိုး**

Managing Director (Integrated Shipping Co.,Ltd.)
Director (5 th May International Trading Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်တာဝါနေ ဦးကြည်လင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန)- ပါမောက္ခဒေါ်ထားထားရီ (သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်-၂) ရန်ကုန်တို့၏ တစ်ဦးတည်းသော သမီး

**ဒေါက်တာမေသက်ထားကြည်**

M.B.,B.S (Ygn)

တို့သည် ၂၅-၂-၂၀၀၇ရက်တွင် ရန်ကုန်မြို့ Traders Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရွှေဖြိုး-ဒေါက်တာမေသက်ထားကြည်**

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်နှင့် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**



တွေ့ဆုံဆွေးနွေးပွဲသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးအမြင်ချင်း ဖလှယ်ကြသည်။

(သတင်းစဉ်)

## တွေ့ဆုံဆွေးနွေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီဝင် မစ္စတာတန်ကြားရှမ်တို့ နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း ပဉ္စမအကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ(၁)၌ကျင်းပသော မန္တလေးတိုင်း ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ်မြောက် ကွန်ပျူတာ နည်းပညာပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။**

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ ပဉ္စမအကြိမ်မြောက် ကွန်ပျူတာ နည်းပညာပြပွဲတွင် ပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

